# ဒီမိုကရေစီလေ့လာရေးဂျာနယ်

## Journal of Democracy Exploration

အမှတ် (၁)  ၂၀၀၇ ခုနှစ် ၊ ဖေဖော်ဝါရီလ

ပဋိပက္ခဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍
ဟေတီနိုင်ငံနှင့် မြန်မာနိုင်ငံအား နှိုင်းယှဉ်ခြင်း

ကေသီဟူစာ ***(Cathy Huser)***

စေ့စပ်ညှိနှိုင်း၍ အသွင်ကူးပြောင်းခြင်း –
မြန်မာနိုင်ငံတွင် ချီလီပုံစံအသွင်ကူးပြောင်းရေး ဖြစ်နိုင်မည်လော

အောင်မိုးဇော်

မြန်မာနိုင်ငံတော်သစ်တည်ဆောက်ရေး
အဆောက်အအုံဆိုင်ရာ အမြင်သဘောထားအခြေခံ –
အစဉ်တည်တံ့မည့်ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ ငြိမ်ဝပ်ပိပြားရေးနှင့်
တရားဥပဒေပြန်လည်စိုးမိုးရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက်
အခွင့်အလမ်းများနှင့် အခက်အခဲအဟန့်အတားများ

မစ်ခေးလ် စမူဂါဇဝီစကီး ***(Michal Smugarzewski)***

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ သုတေသနနှင့်လေ့လာရေးဌာနက ထုတ်ဝေသည်

ဤဂျာနယ်အား နော်ဝေးမြန်မာကော်မတီ
(Norwegian Burma Committee) ၏ ရုံပုံငွေ ထောက်ပံ့ကူညီမှုဖြင့်
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ သုတေသနနှင့်လေ့လာရေးဌာန က ထုတ်ဝေဖြန့်ချိပါသည်။

ဘာသာပြန်

**မော်စီ၊ ဗန်ခက်၊ သုဇန**

တာဝန်ခံစာတည်း

**ဇော်ဇော်ထွန်း**

ထုတ်ဝေသူ

**သုတေသနနှင့် လေ့လာရေးဌာန**
**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)**

P.O Box (294)
Chiang Mai University Post Office
Chiang Mai, 50202, Thailand

http://www.dpns.org

# အမှာ

နိုင်ငံတကာတွင် ပညာရပ်ဆိုင်ရာနယ်ပယ်၌ မြန်မာနိုင်ငံလေ့လာရေးနှင့် ပတ်သက်သောစာပေများ၊ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူများနှင့် ထောက်ခံအားပေးသူများ၏ အမြင်သဘောထားများကို ထင်ဟပ်သောစာပေများ နည်းပါးနေခြင်းကို ဖြည့်ဆီးရန်အလို့ငှာ ***Journal of Democracy Exploration*** ကို အင်္ဂလိပ်ဘာသာဖြင့် ၂၀၀၆ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့ပါသည်။ ပွင့်လင်းလွတ်လပ်ပြီး အကျိုးဖြစ်ထွန်းစေမည့် ဆွေးနွေးငြင်းခုန်မှုများကို တင်ပြနိုင်ရန် ရည်ရွယ်၍ ထုတ်ဝေခြင်း ဖြစ်ပါသည်။ မြန်မာ့ဒီမိုကရေစီရေးအတွက် နိုင်ငံရေးအပြောင်းအလဲများနှင့် ပတ်သက်သော အကြောင်းအရာများအပေါ် ဒီမိုကရေစီရေးလှုပ်ရှားသူများ၏ အမြင်သဘောထားများ တင်ပြနိုင်မည့် ဂျာနယ်တစ်စောင် ဖြစ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

မိမိတို့သည် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ မဟုတ်ပါ။ သို့ဖြစ်၍ မိမိတို့၏ ရေးသားတင်ပြဆွေးနွေးမှုများသည် အရည်အသွေးမှီ ပညာရပ်ဆိုင်ရာ ထုတ်လုပ်မှုများ ဖြစ်ကောင်းမှဖြစ်နိုင်ပါလိမ့်မည်။ သို့သော် ယခုကဲ့သို့ ဂျာနယ်တစ်စောင်ကိုထုတ်ဝေခြင်းဖြင့် အရည်အသွေးပြည့်ဝသော မြန်မာ့အရေးလေ့လာဆန်းစစ်ရေးသားမှုများကို အားပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော မူရင်းဂျာနယ် *Journal of Democracy Exploration* နှင့်ပတ်သက်၍ စာဖတ်သူများ၊ မိတ်ဆွေများ၊ မဟာမိတ်များ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ရဲဘော်များထံမှ ဝေဖန်မှုများနှင့် အကြံပြုချက်များအပါအဝင် တုန့်ပြန်မှုများကို လက်ခံရရှိခဲ့ပါသည်။ ယင်းသို့သော တုန့်ပြန်မှုများအတွက် ဝေဖန်အကြံပြုသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။ ၎င်းအကြံပြုချက်များအနက် တစ်ခုမှာ မြန်မာဘာသာဖြင့် ဘာသာပြန်ဆို ထုတ်ဝေရန် တိုက်တွန်းထားခြင်းဖြစ်သည်။ ထို့ကြောင့် ယခုကဲ့သို့ "ဒီမိုကရေစီလေ့လာရေးဂျာနယ်" အဖြစ် မြန်မာဘာသာသို့ တိုက်ရိုက်ပြန်ဆို ထုတ်ဝေခြင်း ဖြစ်ပါသည်။

မိမိတို့အနေဖြင့် စာဖတ်သူများထံမှ အပြုသဘောဆောင်သော ဝေဖန်မှုများနှင့် တုန့်ပြန်မှုများကို ကြိုဆိုပါသည်။ သို့မှသာ မိမိတို့ ရည်မှန်းချက်ပန်းတိုင်သို့ ဦးတည်သော ကြိုးပမ်းအားထုတ်မှုများ ပို၍ ထိရောက်ကာ တိုးတက်ကောင်းမွန်လာမည် ဖြစ်ပါသည်။

ထို့အပြင် ယခု ဂျာနယ် အမှတ်(၁)တွင် ဖော်ပြပါရှိသော အက်ဆေးများကို ရေးသားသည့် မစ္စကေသီဟူစာ (Cathy Huser)၊ မစ္စတာ မစ်ခေးလ် စမူဂါဇဝီစကီး (Michal Smugarzewski)နှင့် ဦးအောင်မိုးဇော်တို့ကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။ ယခုကဲ့သို့ "ဒီမိုကရေစီလေ့လာရေး ဂျာနယ်" အဖြစ် ထုတ်ဝေဖြန့်ချိရေးအတွက် ငွေကြေးထောက်ပံ့ကူညီခဲ့သော 'နော်ဝေးမြန်မာကော်မတီ' (Norwegian Burma Committee) အား အထူး ကျေးဇူးတင်ရှိပါသည်။

သုတေသနနှင့် လေ့လာရေးဌာန
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

# ပဋိပက္ခဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ ဟေတီနိုင်ငံနှင့် မြန်မာနိုင်ငံအား နှိုင်းယှဉ်ခြင်း

**ကေသီဟူစာ (Cathy Huser)**

*မည်သို့ပင်ဆိုစေ 'ပါမောက္ခဟန်တင်တန်'၏ အဆိုအရ အများအားဖြင့် စစ်အုပ်စုများသည် ယင်းသို့သော အသွင်ကူးပြောင်းရေးများတွင် ၎င်းတို့အတွက် အာမခံချက်များကို တောင်းဆိုလေ့ရှိကြသည်။ အခြားတဖက်တွင်လည်း NLD အား လူထုထောက်ခံမှုအတိုင်းအတာပမာဏနှင့် ပြည်သူတို့၏ ဒီမိုကရေစီလိုလားမှုတို့ကြောင့် ဟေတီနိုင်ငံတွင် တွေ့ရသည်ထက် ပို၍ခိုင်မာအားကောင်းသော ပြည်တွင်းမှ တောင်းဆိုလှုပ်ရှားမှုက ဒီမိုကရေစီအသွင်ကူးပြောင်းရေး အောင်မြင်စေရန် အထောက်အကူပြုပေလိမ့်မည်။ ထို့ကြောင့် အခြေခံအကျပ်အတည်းတစ်ရပ်သာ ပေါ်ပေါက်လာပါက မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြောင်းလဲရေးကာလသို့ ရောက်လာရပေမည်။*

## နိဒါန်း

ဟေတီနိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံစလုံးသည် နိုင်ငံတော်ဖြစ်တည်မှု ချိနဲ့အားနည်းနေသော (သို့မဟုတ်) ကျရှုံးနိုင်ငံဖြစ်နေသော (သို့မဟုတ်) ပြိုကွဲနိုင်ငံဖြစ်နေသော ဆိုမာလီယားနှင့် ဒီမိုကရက်တစ်ကွန်ဂိုသမတနိုင်ငံတို့နှင့် မတူကွဲပြားလျက်ရှိပါသည်။ ဤနှစ်နိုင်ငံစလုံးသည် အာဏာရှင်နိုင်ငံများဖြစ်ကြပြီး နိုင်ငံတော်အဆောက်အအုံယန္တယားလည်ပတ်မှု အလွန်အမင်း ယို့ယွင်းပျက်စီးနေသော်လည်း နိုင်ငံတော်အစိုးရများမှာ နှိုင်းယှဉ်မှုအရဆိုရလျှင် အားကောင်းလျက်ရှိနေသည်။ ဤကဲ့သို့ မြင်သာသော တူညီမှုအပေါ် အခြေခံ၍ ယခု စာတမ်းတွင် ဟေတီနိုင်ငံနှင့် မြန်မာနိုင်ငံတို့၌ စစ်ပွဲများဖြစ်စေသည့် အဓိကအကြောင်းရင်းခံများကို နှိုင်းယှဉ်သွားမည်ဖြစ်ပါသည်။ ယင်းတို့မှာ အုပ်ချုပ်ရေးညံ့ဖျင်းမှု၊ အမှတ်လက္ခဏာ

မူရင်း
**Huser, Cathy. "Haiti and Burma: Conflict Factors Compared",**
***Journal of Democracy Exploration*, No. 1, Janauary 2006**

(လူမျိုးရေး၊ ဘာသာရေး၊ အသားရောင်) မတူကွဲပြား၍ နိုင်ငံရေးအရ ပါဝင်ခွင့် မရမှု၊ ဆင်းရဲမွဲတေမှုနှင့် စီးပွားရေး ကျဆင်းယိုယွင်းနေမှုတို့ဖြစ်သည်။ ယင်းတို့သည် ဟေတီနိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံစလုံးတွင် ပဋိပက္ခများအား မည်သို့မည်ပုံ ဖြစ်စေသော အရင်းခံများဖြစ်ကြောင်း နှိုင်းယှဉ်သွားမည်ဖြစ်သည်။ အကျဉ်းချုပ်အားဖြင့်လည်း ဒီမိုကရေစီကို ပြဿနာများအတွက် အဖြေတစ်ရပ်အဖြစ် ဆွေးနွေးမည် ဖြစ်ပါသည်။

ဟေတီနှင့် မြန်မာ နှစ်နိုင်ငံသည် နောက်ခံသမိုင်းအခြေခံအားဖြင့် အလွန်ကွဲပြားခြားနားလှသော်လည်း သိသာထင်ရှားသော တူညီမှုများလည်း အများအပြားပင် ရှိနေသည်ကို တွေ့ရပါသည်။ နှစ်နိုင်ငံစလုံးရှိ အာဏာသိမ်းအုပ်စုများမှာ သဏ္ဌာန်မတူသော်လည်း နိုင်ငံတော်အာဏာကို အတင်းအဓမ္မသိမ်းယူထားမှုကြောင့် အုပ်ချုပ်ရေးအကျပ်အတည်းများ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသော အခြေအနေဆိုးကို ကြုံတွေ့နေကြရသည်။

မြန်မာနိုင်ငံ၌ အာဏာကို စစ်အုပ်စုလက်ထဲတွင် ချုပ်ကိုင်ထားသည်။ ဟေတီနိုင်ငံ၌မူ အာဏာချုပ်ကိုင်မှုအနေအထားမှာ ရှုပ်ထွေးလျက်ရှိပြီး အာဏာအဆောက်အအုံမှာ အလွှာအဆင့်အဆင့်ထပ်လျက် နက်ရှိုင်းစွာ တွယ်ဆက်လျက်ရှိသည်။ သို့ဖြစ်ရာ စစ်မှန်သောအပြောင်းအလဲဖြစ်ပေါ်လာရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ပို၍အလားအလာရှိသော အခြေအနေပင်ဖြစ်သည်။ နိုင်ငံနှစ်ခုစလုံးတွင် အဖြေရရေးအတွက် တိကျသော အညွှန်းမရှိသော်လည်း၊ နိုင်ငံတော်တရားဝင်မှု **(State Legitimacy)** ပြန်လည်တည်ဆောက်ရန်အတွက် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးနှင့် စစ်တပ်ကို နိုင်ငံရေးနယ်ပယ်မှ ဖယ်ရှားရေးတို့ လိုအပ်နေပါသည်။ နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းတို့ ပိုမိုကောင်းမွန်သောဆက်စပ်မှုရှိစေရန် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာလူမှုအဆောက်အအုံများ၊ စီးပွားရေးကဏ္ဍအဆောက်အအုံများကို ဖွံ့ဖြိုးတိုးတက်စေရမည်။ မြန်မာနိုင်ငံရှိ ဒီမိုကရေစီရေးလှုပ်ရှားမှုအနေဖြင့် စစ်အုပ်စုဆန့်ကျင်ရေး ညီညွတ်သောအင်အားစုတစ်ရပ်အဖြစ် အမျိုးသားလက္ခဏာ ကင်းမဲ့

နေမှုပြဿနာကို ကျော်လွှားနိုင်ရေးအတွက် အထောက်အကူပြုနိုင်သည်။ မြန်မာပြည်သူတို့၏ အားကောင်းသော ဒီမိုကရေစီရေးတောင်းဆိုလှုပ်ရှားမှုကလည်း မြန်မာနိုင်ငံ၌ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ် အောင်မြင်စေရေးအတွက် (အခြေအနေအခွင့်အလမ်းသာ ပေါ်ပေါက်ခဲ့သည်ရှိသော်) ဟေတီနိုင်ငံ၌ အောင်မြင်ခဲ့သော အနေအထားထက် ပို၍သာလွန်နေပါသည်။

## (၁) ပဋိပက္ခများ

ဟေတီနှင့် မြန်မာ နှစ်နိုင်ငံစလုံးရှိ ပဋိပက္ခများ၏ ဖြစ်ထွန်းမှုအရှိန်အဟုန်၊ ဖွဲ့စည်းတည်ဆောက်မှုနှင့် ပါဝင်ပတ်သက်သူများကို လေ့လာသုံးသပ်ရန် ဗြိတိန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန၏ "ပဋိပက္ခကို လေ့လာဆန်းစစ်မှုပြုလုပ်ခြင်း" အခြေခံနည်းလမ်းစနစ်ကို အသုံးပြုသွားမည် ဖြစ်ပါသည်။ ယင်းတို့အပေါ်အခြေခံ၍ နိုင်ငံနှစ်ခုရှိ ပဋိပက္ခများကိုဖြစ်စေသော အကြောင်းရင်းခံများ၊ ဩဇာသက်ရောက်နေသည့် အချက်အလက်များအကြား တူညီမှုများနှင့် ကွဲပြားမှုများကို နှိုင်းယှဉ်သွားမည် ဖြစ်ပါသည်။

### (၁-၁) ပဋိပက္ခများဖြစ်ထွန်းမှုအကျဉ်း

၁၈၀၄ ခုနှစ် လွတ်လပ်ရေးရစဉ်ကစ၍ ဟေတီနိုင်ငံသည် ပဋိပက္ခများရှိနေသော အခြေအနေကို ရင်ဆိုင်ခဲ့ရသည်။ ယင်းမှာ အရေအတွက်အရ သေးငယ်သော်လည်း အလွန်တရာမှ စီးပွားရေးအရ ဩဇာအရှိန်အဝါနှင့် အာဏာကြီးသော အထက်တန်းလွှာအုပ်စုက ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံတော်ယန္တယားများကို သိမ်းပိုက်ချုပ်ကိုင်ထားမှု၏ ရလဒ်ကြောင့် ဖြစ်သည်။ ယင်းကာလတလျှောက်လုံး နိုင်ငံရေးမတည်ငြိမ်မှုအခြေအနေက ထိုလူတန်းစားအုပ်စု၏ အကျိုးအမြတ်ကို အစွမ်းကုန် ဖြစ်စေခဲ့သည်။

ယင်းအုပ်စုက စစ်ခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်လူနည်းစုတို့နှင့် မဟာမိတ်ဖွဲ့ထားမှုကို ထိန်းချုပ်ထားခဲ့ပြီး နိုင်ငံရေးမတည်ငြိမ်မှုကို ဖြစ်စေခဲ့သည်။ ယင်းမဟာမိတ်စုဖွဲ့မှုအောက်တွင် ဂျူဗယ်လီယားအာဏာရှင်များနှင့် ဒီမိုကရေစီ အစိုးရများအပါအဝင် အစိုးရအဆက်ဆက် အာဏာရလာလိုက်၊ ဖြုတ်ချခံရလိုက် အခြေအနေဖြစ်ခဲ့သည်။ အကြမ်းနည်းဖြင့် တိုက်ခိုက်မှုများ၊ နိုင်ငံရေးပဋိပက္ခများနှင့် အစိုးရအပြောင်းအလဲများ အဆက်မပြတ် အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့သည့်ကာလ တလျှောက်လုံးတွင် အခြေခိုင်လျက်ရှိနေသော အာဏာအဆောက်အအုံများမှာ သိသိသာသာ ပြောင်းလဲမှုမရှိဘဲ၊ ယင်းတို့ကို စီးပွားရေးအရ ချုပ်ကိုင်ထားသော အထက်တန်းလွှာအုပ်စုကသာ လွှမ်းမိုးထားခဲ့သည်။ ထို့ကြောင့် ဆင်းရဲသားပြည်သူ များမှာ ဘေးထုတ်ခံထားရပြီး၊ ဟေတီနိုင်ငံရှိ အတော၀မသတ် ဖြစ်ပွားနေသော ပဋိပက္ခများမှာ စီးပွားရေးအရ လွှမ်းမိုးချုပ်ကိုင်ထားသော လူတန်းစားများ၏ အမြတ်ထုတ် လုံ့ဆော်မှုများကြောင့် သြဇာအာဏာရှိသော အုပ်စုများအကြား ကိုယ်ကျိုး စီးပွားအတွက် နိုင်ငံတော်ယန္တယားကို ချုပ်ကိုင်ထားနိုင်ရေး ပြိုင်ဆိုင်မှုများပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရချိန်ကစ၍ အစိုးရမှာ လူမျိုးစု လူနည်းစုများ၏ စိန်ခေါ်မှုများကို လက်ငင်းရင်ဆိုင်ခဲ့ရသည်။ ယင်းသို့သော လက်နက်ကိုင်ပုန်ကန်မှုများကို ရင်ဆိုင်မှုတွင် အခရာကျလာသောကြောင့် စစ်တပ် အဆောက်အအုံများမှာ ခိုင်မာအားကောင်းလာခဲ့ပြီး၊ နိုင်ငံ၏ပြဿနာများကို နိုင်ငံရေးအရ မဖြေရှင်းနိုင်မှုကို ပြစ်တင်ဝေဖန်မှုများ ပြင်းထန်လာခဲ့သည်။ ဤ အခြေအနေတွင် ၁၉၆၂ ခုနှစ်၌ စစ်တပ်က နိုင်ငံတော်အာဏာကို သိမ်းပိုက်ခဲ့သည်။ မြန်မာနိုင်ငံရှိ ပဋိပက္ခများမှာ အဓိကအားဖြင့် ဦးတည်ချက်အကြောင်းအရာ အ နည်းဆုံး သုံးမျိုးအပေါ် မူတည်နေသည်။ လူမျိုးစုများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် တိုက်ပွဲဝင်မှု၊ ပြည်သူတို့၏ ဒီမိုကရေစီရေးလှုပ်ရှားမှုနှင့် ယေဘုယျအားဖြင့် စစ်အုပ် စု၏ နိုင်ငံတော်ကို ချုပ်ကိုင်ထားနိုင်ရေး ကြိုးပမ်းအားထုတ်မှုတို့ပင် ဖြစ်သည်။ အမျိုး သားပြဿနာများကို ဖြေရှင်းရန် နိုင်ငံရေးစွမ်းရည်ကင်းမဲ့နေ၍ စစ်အုပ်စုသည်

အတိုက်အခံများအပေါ် အကြမ်းဖက်ဖိနှိပ်မှုမျိုးစုံဖြင့် ရက်စက်ပြင်းထန်သော နည်းလမ်းကို ကျင့်သုံးခဲ့သည်။ လူမျိုးစုများနှင့် ဒီမိုကရေစီရေးလှုပ်ရှားမှုတိုက်ပွဲများကို အဆုံးစွန်အကြမ်းဖက်သော နည်းလမ်းများဖြင့်သာ တုန့်ပြန်ခဲ့သည်။

## (၁-၂) ပဋိပက္ခဖွံ့တည်လာမှုအနေအထား

ဤအပိုင်းတွင် နှစ်နိုင်ငံစလုံးရှိ ပဋိပက္ခများ၏ အရင်းခံများကို နှစ်ကာလကြာရှည်ဖြစ်စေခဲ့သော အဓိကအချက်အလက်များအား ဖော်ထုတ်၍ နှိုင်းယှဉ်သွားမည် ဖြစ်သည်။

### *နိုင်ငံရေးကဏ္ဍ - အုပ်ချုပ်ရေးအကြုပ်အတည်း*

'ကာလ်ဒေါ' နှင့် 'လပ်က်ခမ်' တို့က လက်ရှိကာလ ခေတ်ပြိုင်အကြမ်းဖက် ပဋိပက္ခအများစု၏ အရင်းခံအကြောင်းရင်းမှာ နိုင်ငံရေးအာဏာပိုင်တစ်ရပ်၏ တရားဝင်မှု လျော့ပါးပျောက်ကွယ်သွားခြင်းကြောင့်ဖြစ်ပြီး၊ ပဋိပက္ခဖြစ်စဉ်သစ်များမှာ အများအားဖြင့် နိုင်ငံတော်ကိုထိန်းချုပ်နိုင်ရေး (သို့မဟုတ်) နိုင်ငံတော်အာဏာ ရရှိရေး တိုက်ပွဲများပင် ဖြစ်ကြသည်ဟု ဆိုသည်။ ဟေတီနှင့် မြန်မာ နှစ်နိုင်ငံစလုံးတွင် ထိုကဲ့သို့ အစိုးရအုပ်ချုပ်ရေးယန္တယား အခြေမခိုင်ယို့ယွင်းမှု ကြောင်းခြင်းရာများသည် အဓိကအခြေခံဖြစ်ပြီး၊ ယင်းကို နှစ်နိုင်ငံစလုံး၌ ပြည်သူလူထုအား အလုပ်အကျွေးပြုသည့် အုပ်ချုပ်ရေးအစဉ်အလာမရှိခဲ့ခြင်းအချက်ကလည်း ထပ်လောင်းအားဖြည့်ခဲ့ပါသည်။ နိုင်ငံနှစ်ခုစလုံးတွင် နိုင်ငံတော်သည် လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းအနည်းငယ်ပေါ်တွင် အခြေတည်ထားပြီး၊ နိုင်ငံရေးအာဏာတရားဝင်မှုသည်လည်း အဆုံးစွန် ချိနဲ့အားပျော့နေသည်။ သို့သော် နိုင်ငံတော်အာဏာချုပ်ကိုင်မှုပုံစံမှာမူ နိုင်ငံနှစ်ခုအကြား အလွန်ပင် ကွဲပြားခြားနားပေသည်။

ဟောတီနိုင်ငံတွင် အစဉ်အလာအားဖြင့် အုပ်ချုပ်ရေးကို အထက်ဖော်ပြပါ စီးပွားရေးအထက်တန်းလွှာလူတန်းစားက ချုပ်ကိုင်ထားခဲ့သည်။ ၎င်းတို့က တိုင်းပြည်ကို လုယက်သိမ်းပိုက်ရရှိထားသည့်အရာတစ်ခုအဖြစ် ထိန်းချုပ်ကာ နိုင်ငံသားများအပေါ် ထင်တိုင်းကြဲနိုင်သည့် အာဏာရှင်ပုံစံဖြင့် အုပ်ချုပ်ခဲ့ကြသည်။ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက်သာ ရှေးရှု၍ ပြည်သူတို့၏ အရင်းအမြစ်များကို ထုတ်ယူသုံးစွဲခဲ့ကြသည်။ ၎င်းတို့က ဟောတီနိုင်ငံတွင် ဩဇာတိက္ကမကြီးသော လူတန်းစားအလွှာများဖြစ်ကြသည့် စစ်တပ်ခေါင်းဆောင်များ၊ နိုင်ငံရေးသမားလူနည်းစုနှင့် မဟာမိတ်ဖွဲ့ကာ နိုင်ငံတော်ကို ချုပ်ကိုင်ထားခဲ့သည်။ ဟောတီနိုင်ငံကို စုစည်း၍ ခိုင်မာတောင့်တင်းသော အမျိုးသားနိုင်ငံတော်တစ်ရပ် ဖြစ်ပေါ်လာရေးမှာ ထိုသို့ ကိုယ်ကျိုးရှာမဟာမိတ်ဖွဲ့ထားသူတို့၏ အကျိုးစီးပွားနှင့် အခြေခံအရ ဆန့်ကျင်နေပေသည်။ အမျိုးသားရေးမတည်ငြိမ်မှုကို ထိန်းထားမှသာ ၎င်းတို့အတွက် အကျိုးအမြတ်ရှိနေမည် ဖြစ်သည်။

၁၉ရာစုနှစ်လယ်ကာလအရောက်တွင် နိုင်ငံတော်သည် စီးပွားရေးကဏ္ဍက ထုတ်လုပ်ပေးသော အရင်းအမြစ်များအပေါ် အလွန်အမင်း မှီခိုအားထားနေရသည့် အခြေအနေတွင် ရှိနေခဲ့သည်။ တချိန်တည်းတွင် စီးပွားရေးအရ လွှမ်းမိုးချုပ်ကိုင်ထားသော လူတန်းစားအလွှာက နိုင်ငံတော်၏ နိုင်ငံရေးဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာနှင့် စစ်ရေးဆိုင်ရာ မတည်မငြိမ်မှုများကြောင့် အကျိုးအမြတ်များ ရရှိနေကြသည်။ ဆိုခဲ့သည့်အတိုင်း စစ်တပ်နှင့် နိုင်ငံရေးအသိုင်းအဝိုင်းမှ အထက်တန်းလွှာလူတစ်စုနှင့် မဟာမိတ်ပြုထားသော စီးပွားရေးအထက်တန်းလွှာအုပ်စုသည် နိုင်ငံရေးမတည်မငြိမ်ဖြစ်မှုနှင့် အစိုးရအပြောင်းအလဲများကို ကျွမ်းကျင်လိမ်မာစွာဖြင့် ဖန်တီးကာ သွယ်ဝိုက်သောနည်းဖြင့် နိုင်ငံတော်ကို ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်ထားနိုင်ခဲ့သည်။ ၁၈၄၃ ခုနှစ်မှ ၁၉၁၅ ခုနှစ်အတွင်း သမတ(၂၂)ဦး အာဏာရရှိခဲ့ပြီး၊ ယင်းတို့အနက် (၁)ဦးသာ သက်တမ်းကုန်သည်အထိ ရာထူးမြဲခဲ့သည်။ ကျန်သမတများမှာ လုပ်ကြံခံရသူ၊ ဖြုတ်ချခံရသူ (သို့မဟုတ်) နှုတ်ထွက်ရသူများ ဖြစ်ခဲ့ကြသည်။ ထို့ကြောင့် ဟောတီနိုင်ငံရေး၏ သွင်ပြင်လက္ခဏာမှာ နိုင်ငံတော်ကို ချုပ်ကိုင်နိုင်ရေး ပြင်းထန်သော

အာဏာလွှန်ဆွဲပွဲများဖြစ်ပြီး၊ နိုင်ငံတော်သည်လည်း ကာလတလျှောက်လုံး စီးပွား ရေးအထက်တန်းလွှာအုပ်စု၏ ထိန်းချုပ်ချယ်လှယ်မှုအောက်တွင် လက်နက်ကိုင် အကြမ်းဖက်မှုများဖြင့်သာ တပြန်တလှည့် ကြုံတွေ့နေခဲ့ရသည်။

ဟေတီနိုင်ငံ၏ အစိုးရအုပ်ချုပ်ရေးကို အတိအကျဖော်ညွှန်းရသော် ဟေတီ လူ့အဖွဲ့အစည်းကို အလုပ်အကျွေးပြုသည့် ပြည်သူ့ယန္တယားတစ်ရပ်မဟုတ်ဘဲ၊ ပုဂ္ဂလိကအကျိုးအမြတ်အတွက် နိုင်ငံတော်ကို ခေတ်သစ်အမွေခံယန္တယားတစ်ရပ် အဖြစ် အသုံးချနေခြင်းပင် ဖြစ်ခဲ့သည်။ စီးပွားရေးအထက်တန်းလွှာက ကိုယ်ကျိုး စီးပွားအခြေခံ၍ နိုင်ငံရေးဖြစ်စဉ်တစ်စုံလုံးကို ချယ်လှယ်ခဲ့ခြင်း၊ နိုင်ငံတော်အာဏာ လွှန်ဆွဲပွဲတွင် ပါဝင်သူများကို ပိုင်နိုင်စွာ အသုံးချခဲ့ခြင်းတို့ကို တလျှောက်လုံး ပြုခဲ့ကြ သည်။ ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ထားသော 'အရစ်တိုက်' ကို ဖြုတ်ချ ခဲ့သည့် ၁၉၉၁ ခု အာဏာသိမ်းမှုကိုကြည့်လျှင် တည်ဆဲ အာဏာအဆောက်အအုံ ကို စိန်ခေါ်၍ အစိုးရအပြောင်းအလဲမှတဆင့် နိုင်ငံတော်တည်ဆောက်မှုပုံစံ အပြောင်းအလဲဖြစ်စေရန် ကြိုးပမ်းအားထုတ်သူတို့ကို ဟေတီအုပ်စိုးသူလူတန်းစား က အဆိုးဝါးဆုံးအကြမ်းဖက်မှုဖြင့် တုန့်ပြန်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုရပေမည်။ ဟောင်းနွမ်းနေသော လက်ရှိအာဏာအဆောက်အအုံကို အသိအမှတ်ပြုကာ ဆွေမျိုးအသိုင်းအဝိုင်းကောင်းစားရေး အစဉ်အလာအား အလျှင်အမြန် ပြန်လည် အသက်သွင်းပေးခဲ့သဖြင့် ၎င်းအား ၁၉၉၄ ခုနှစ်တွင် ပြန်လည်တင်မြှောက်မှုကို လက်ခံခဲ့သည်။ ထို့ကြောင့် ဟေတီနိုင်ငံရေးတွင် အစိုးရမှာ ရုပ်ပြသာဖြစ်ပြီး၊ အခြေခံ အားဖြင့် ၎င်းတို့အား အုပ်စိုးသူလူတန်းစားကသာ လွှမ်းမိုးချုပ်ကိုင်ထားပေသည်။ အုပ်စိုးသူလူတန်းစားက နိုင်ငံတော်ကို ချုပ်ကိုင်ထားခြင်းနှင့် နိုင်ငံရေးမတည်ငြိမ်မှုကို အတောမသတ်ဖြစ်စေခြင်းတို့သည် ဟေတီနိုင်ငံ အုပ်ချုပ်ရေးအကျပ်အတည်းဖြစ်မှု ၏ အဓိကကျသော အကြောင်းရင်းများပင် ဖြစ်သည်။

ဆန့်ကျင်ဘက်အားဖြင့် မြန်မာနိုင်ငံရှိ အစိုးရသည် ပို၍ သိသာထင်ရှားစွာ တသွေးတသံတမိန့်ဖြင့် အုပ်ချုပ်သည့် အာဏာရှင်စစ်အုပ်စုပင်ဖြစ်သည်။ ဟေတီ

တွင် တွေ့မြင်ရသကဲ့သို့ အစဉ်အလာအမွေခံ အုပ်စိုးသူလူတန်းစားများ၏ အာဏာပိုင်ကွန်ယက် အရှုပ်အထွေးပုံစံမျိုးမရှိပေ။ ၁၉၆၂ ခုနှစ် ပထမအကြိမ် နိုင်ငံတော်အာဏာကို သိမ်းပိုက်ချိန်ကစ၍ လုပ်ပိုင်ခွင့်အာဏာကို စစ်အုပ်စု ထိပ်တန်းခေါင်းဆောင်အသိုင်းအဝိုင်း၏ လက်တွင်း၌ ချုပ်ကိုင်ထားကာ စစ်တပ်မှာ နိုင်ငံရေးရာများကို အဓိကအဆုံးအဖြတ်ပြုသည့် တစ်ခုတည်းသော နိုင်ငံတော်အဆောက်အအုံ ဖြစ်လာခဲ့သည်။ နိုင်ငံတော်အာဏာအား စိန်ခေါ်မှုမှန်သမျှကို သုတ်သင်ဖယ်ရှားနိုင်ရန်အတွက် နိုင်ငံရေးအတိုက်အခံများကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ စီးပွားရေးကဏ္ဍကို နိုင်ငံပိုင်ပြုလုပ်ခြင်း၊ သတင်းစာနယ်ဇင်းမဏ္ဍိုင်ကို ထိန်းချုပ်ထားခြင်း၊ နိုင်ငံခြားသားများကို ထွက်ခွာသွားစေခြင်းများနှင့် လူ့အဖွဲ့အစည်း၏ ကဏ္ဍတိုင်းကို စစ်အုပ်စု၏ ထိန်းချုပ်မှုအောက်သို့ သွတ်သွင်းခြင်းတို့ လုပ်ဆောင်ခဲ့သည်။ အကြမ်းဖက်ဖိနှိပ်မှုဖြင့် အလွန်ပြင်းထန်သော အာဏာရှင်နည်းလမ်းကို အသုံးပြုကာ စစ်အုပ်စု၏ သြဇာအာဏာပိုင်စိုးမှုကို အခိုင်အမာ ထိန်းထားခဲ့သည်။

စစ်အုပ်စုသည် ရက်ရက်စက်စက် အကြမ်းဖက် ဖိနှိပ်ရေးနည်းဗျူဟာကို အတိုက်အခံပြုမှုများအား ထိန်းချုပ်ထားနိုင်ရေး နည်းလမ်းတစ်ရပ်အဖြစ် ကျင့်သုံးခဲ့သောကြောင့် အတိုက်အခံဆန့်ကျင်မှုများမှာ အကာအကွယ်မဲ့ အားနည်းခဲ့ရပြီး၊ တိုင်းပြည်တွင်း၌လည်း အမှတ်လက္ခဏာ (Identity)၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination)နှင့် ဒီမိုကရေစီရေးတို့နှင့်ပတ်သက်၍ အမျိုးမျိုးအဖုံဖုံ ကွဲပြားမှုများ ဖြစ်ခဲ့ရသည်။ စစ်အုပ်စုအနေဖြင့် လူ့အဖွဲ့အစည်းတွင်းရှိ အနည်းငယ်သော အစိတ်အပိုင်းအပေါ် အခြေပြုနေရသည်။ အတိုက်အခံအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)မှာ ပြည်သူတို့၏ ဆန္ဒမဲ(၈၂)ရာနှုန်း ထောက်ခံမှုရရှိထားသော်လည်း တိုင်းပြည်အုပ်ချုပ်ရေးကို တာဝန်ယူခွင့်ရရန် စစ်အုပ်စု၏ ငြင်းပယ်ခြင်းကို ခံနေရသည်။ လူထုထောက်ခံမှုရရှိထားသော (NLD)နှင့်အတူ လူမျိုးစုအင်အားစုများ၏ စစ်အုပ်စုဆန့်ကျင်ရေး သွေးစည်းညီညွတ်သော ပူးပေါင်းဆောင်ရွက်မှုသည် စစ်အုပ်စုအား အမှန်တကယ် ခြိမ်းခြောက်နေမှုပင် ဖြစ်သည်။

စစ်အုပ်စုက နိုင်ငံရေးအရ ရှေ့မတိုးသာနောက်မဆုတ်သာ အခြေအနေတွင် နိုင်ငံအားထိန်းချုပ်ထားသော်လည်း တည်ဆဲအာဏာအဆောက်အအုံများနှင့် အခြေခံအားဖြင့် တစ်ခုတည်း အတူတူပင်ဖြစ်၍ ဟောတီနိုင်ငံရှိ အာဏာအဆောက်အအုံများနှင့် အုပ်ချုပ်သူအစိုးရတို့၏ ဆက်စပ်မှုများထက်စာသော် ရှုပ်ထွေးမှုအလွန်ပင်နည်းပါးသည်။ ထို့ကြောင့် အစိုးရအစားထိုးပြောင်းလဲရေးဟူသည် အခြေခံအားဖြင့် အာဏာအဆောက်အအုံဟောင်းများကို ဖြိုချဖယ်ရှားရေးပင် ဖြစ်သည်ဟူ၍ ခန့်မှန်းတွက်ဆနိုင်ပေသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၌ အုပ်စိုးသူအစိုးရ ပြောင်းလဲခြင်းဖြင့် နိုင်ငံတော်တရားဝင်မှု ပြန်လည်တည်ဆောက်ရေးသည် ဟောတီနိုင်ငံမှာထက် ပို၍ ဖြစ်နိုင်ချေရှိပေသည်။ အထူးသဖြင့် ပြည်သူတို့၏ ဒီမိုကရေစီရေး လှုပ်ရှားမှုအင်အားဖြင့် အောင်မြင်နိုင်ပေသည်။

## *လူမှုရေးကဏ္ဍ – အမျိုးသားရေးလက္ခဏာ*

အမျိုးသားရေးလက္ခဏာ (National Identity) ကိစ္စသည် နှစ်နိုင်ငံစလုံးတွင် ရင်ဆိုင်နေရသည့် ပြဿနာတစ်ရပ် ဖြစ်သည်။ မြန်မာနိုင်ငံနယ်နိမိတ်အတွင်းရှိ ပြည်သူများအတွင်း စုပေါင်းပိုင်ဆိုင်သော လူ့အဖွဲ့အစည်းတစ်ရပ်ဟူသည့် အသိမရှိခဲ့ပေ။ သို့ဖြစ်ရာ အမျိုးသားစည်းလုံးညီညွတ်မှုကင်းမဲ့ခြင်းသည် မြန်မာပြည်နိုင်ငံရေးနှင့် ပဋိပက္ခ၏ အဓိကပြဿနာပင်ဖြစ်သည်။ ဆန့်ကျင်ဘက်အားဖြင့် ဟောတီတွင် လွတ်မြောက်ရေးအတွက် ဘုံတိုက်ပွဲဝင်မှု သမိုင်းအမွေ အခိုင်အမာ ရှိနေသော်လည်း ၎င်းလူမှုအရင်း(Social Capital)မှာ ကိုယ်ကျိုးရှာ အုပ်စိုးသူလူတန်းစားကြောင့် အလဟဿအချည်းနှီးဖြစ်ရပြီး တိုင်းပြည်တစ်ခုလုံးအနေဖြင့် နစ်နာဆုံးရှုံးမှုဖြစ်ခဲ့ရသည်။ မည်သို့ပင်ဆိုစေ အခွင့်ထူးခံလူတစ်စုအတွက်နိုင်ငံရေး (Politics of Exclusion) ကို နိုင်ငံနှစ်ခုစလုံး၌ မတူသောပုံစံတမျိုးစီဖြင့် ကျင့်သုံးနေလျှက် ရှိသည်။

မြန်မာနိုင်ငံတွင် လူမျိုးစုလူနည်းစုများမှာ အာဏာအဝန်းအဝိုင်းမှ ဖယ်ကျဉ်ခံထားရပြီး၊ တိုင်းပြည်လွတ်လပ်ရေးရပြီးစ အချိန်ကတည်းကပင် ကိုယ်ပိုင်

ပြဋ္ဌာန်းခွင့်အတွက် တိုက်ပွဲဝင်နေခဲ့ကြသည်။ စစ်အုပ်စုသည် တွေ့ဆုံဆွေးနွေး အဖြေရှာရေးကို ငြင်းပယ်လျက် အတိုက်အခံများနှင့် ပုန်ကန်ဆန့်ကျင်သူများအားလုံးကို ရက်ရက်စက်စက် ဖိနှိပ်တိုက်ခိုက်ကာ အမျိုးသားညီညွတ်ရေးအတွက် ဗမာဇာတ်သွင်းရေးမူဝါဒကို (‘Burmanization’ Policy) ချမှတ်ကျင့်သုံးခဲ့သည်။ လက်တွေ့အားဖြင့် လူမျိုးစုအင်အားစုများအကြား တူညီသောဘုံရည်မှန်းချက် မရှိသောကြောင့် ညွန့်ပေါင်းတစ်ရပ်ဖွဲ့စည်းရေးမှာ မအောင်မြင်ခဲ့ပေ။ ယင်းတို့အကြား တူညီမှုမှာ ဘုံရန်သူရှိနေသော အချက်တစ်ခုသာ ဖြစ်သည်။ ဤအခြေခံပေါ်တွင် အများစုမှာ NLD နှင့် မဟာမိတ်ပြုထားကြသည်။

အခြားတဖက်တွင် ဟေတီနိုင်ငံ၌ လူမျိုးစုအမှတ်လက္ခဏာ သတ်မှတ်ချက်မှာ “ချမ်းသာသော လူမဲတစ်ဦးသည် ကပြား (လူဖြူ–လူမဲ) တစ်ဦးဖြစ်သလို ဆင်းရဲသော ကပြားတစ်ဦးမှာလည်း လူမဲတစ်ဦးပင်ဖြစ်သည်” ဟူသော ဟေတီတို့၏ စကားပုံတစ်ခုတွင် ပုံခိုင်းထားသကဲ့သို့ပင် ဖြစ်သည်။ သို့သော် ‘ထရူလော့တ်’၏ အဆိုအရ ဟေတီနိုင်ငံသားများအကြား အဓိကအခြေခံကွဲပြားခြားနားမှုမှာ ဆင်းရဲသားလယ်သမားများ (ပစ္စည်းမဲ့ကျေးလက်နေများ)နှင့် အုပ်စိုးသူလူတန်းစားဟူ၍ ဖြစ်သည်။ ထို့ကြောင့် ဟေတီတွင် လူတန်းစားကွာခြားမှုမှာ မတ်က်စ်ဝါဒ၏ လူတန်းစားကွဲပြားမှု သတ်မှတ်ပုံအတိုင်းဖြစ်သည်။ အများစုသော ဆင်းရဲသား ကျေးလက်နေများသည် အရင်းအမြစ်များကို ရယူသုံးစွဲခွင့်မရှိပဲ ဘေးဖယ်ခံထားရသည်။

### *လုံခြုံရေးကဏ္ဍ – ပုံဖျက်ခံထားရသော စစ်တပ်၏ အခန်းကဏ္ဍ*

‘ကာလ်ဒေါ်’နှင့် ‘လပ်က်ခမ်’ တို့က ပဋိပက္ခသစ်များ၏ အစဦအလာသဘောကို ထောက်ပြရာ၌ အကြမ်းဖက်လုပ်ရပ်များအား အရေးယူခြင်းမရှိသဖြင့် ထိုသို့သော အကြမ်းဖက်မှုများမှာ ဖြစ်ရိုးဖြစ်စဉ်သဖွယ် ဖြစ်လာကြသည်ဟု ဆိုသည်။ အကြမ်းဖက်နည်းလမ်းများကို အသုံးပြုခြင်းနှင့် အရပ်သားပြည်သူများအား ပစ်မှတ်ထားခြင်းများသည်လည်း ပုံမှန်ဖြစ်စဉ်သဖွယ် ဖြစ်လာသည်။ လက်နက်ကိုင်

အုပ်စုများ အနှံ့အပြားပေါ်ထွက်လာခြင်းနှင့်အတူ တရားဥပဒေစိုးမိုးမှုကင်းမဲ့လာခြင်းတို့က အဆုံးစွန် အကြမ်းဖက်မှုများ ပြည့်နှက်နေသည့် ဝန်းကျင်ကို ဖြစ်ပေါ်လာစေခဲ့သည်။ ထိုအခြေအနေအောက်တွင် အတိုင်းအဆမဲ့ လူ့အခွင့်အရေးချိုးဖောက်မှုများသည်လည်း တရားဝင်သဘောဆောင်လာခဲ့သဖြင့် ယင်းဖြစ်ရပ်တို့ကြောင့် နစ်နာမှုများ မကျေနပ်မှုများက ပဋိပက္ခကို ပို၍ကြီးထွားလာစေပြီး ပြန်လည်ကုစားရန် အလွန်ခက်ခဲသည့် အခြေအနေများသို့ ဦးတည်နေလျှက်ရှိသည်။ ဟေတီနှင့် မြန်မာနိုင်ငံတို့တွင် ဤသို့သော အစဉ်အလာဖြစ်ရပ်များကို ကျယ်ကျယ်ပြန့်ပြန့် တွေ့မြင်ရသည်။

ထို့အပြင် နှစ်နိုင်ငံစလုံး၌ ပုံဖျက်ခံထားရသော စစ်တပ်၏ အခန်းကဏ္ဍက ပဋိပက္ခတွင် အရေးပါနေသည်။ စစ်တပ်၏တာဝန်မှာ လူ့အဖွဲ့အစည်းကို ကာကွယ်ရန် ဖြစ်သော်လည်း ဟေတီစစ်တပ်မှာ စီးပွားရေးအထက်တန်းလွှာလူတန်းစား၏ ကြိုးဆွဲမှုအောက်တွင် အစိုးရအဖွဲ့အပြောင်းအလဲများ ဖြုတ်ချမှုများ၌ အကြိမ်ကြိမ် တိုက်ရိုက်ပါဝင်ပတ်သက်ခဲ့သည်။ မြန်မာနိုင်ငံတွင် စစ်တပ်သည် ၁၉၆၂ ခုနှစ်ကတည်းကစ၍ နိုင်ငံကို ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်ထားခဲ့သည်။ နှစ်နိုင်ငံစလုံးရှိ စစ်တပ်သည် ၎င်းတို့အား ခြိမ်းခြောက်လာသည်ဟု ယူဆပါက အကြမ်းနည်းဖြင့် ဖိနှိပ်ဖြိုခွဲမှုများကို အတောမသတ် ကျူးလွန်ခဲ့ကြသည်။ စစ်တပ်က တိုင်းသူပြည်သားများအပေါ် အကြမ်းဖက်မှုများနှင့် လူ့အခွင့်အရေးချိုးခေါက်မှုများကို ပြောင်ပြောင်တင်းတင်း ကျူးလွန်ခွင့်ရရှိထားသဖြင့် နိုင်ငံတော်ကသာ တစ်ဦးတည်း တရားဝင် အကြမ်းနည်းသုံးခွင့်ရှိခြင်း မဟုတ်တော့ပေ။ ထို့အပြင် ကိုယ်ပိုင်လက်နက်ကိုင်အဖွဲ့များ တည်ရှိနေမှုကြောင့် 'ဖတ်တွန်' (Fatton) ပြောသကဲ့သို့ "အင်အားသုံးဖြေရှင်းမှုများ အနှံ့အပြား ပေါ်ထွန်းနေခြင်း" များကိုလည်း တွေ့မြင်နေရသည်။

တရားဥပဒေပြန်လည်စိုးမိုးရေး၊ ဥပဒေချိုးဖေါက်ခွင့်ပြုခြင်းများကို ရပ်တန့်စေရေး၊ စစ်တပ်ကို တိုင်းပြည်၏ နိုင်ငံရေးနယ်ပယ်မှ ဖယ်ရှားနိုင်ရေး စသည်တို့အတွက် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် အရေးကြီး

သည်။ အုပ်ချုပ်ရေးတွင် အခက်ခဲဆုံးသော စိန်ခေါ်မှုများအနက် တစ်ခုမှာ လက်နက်ကိုင်တပ်များကို နိုင်ငံရေးအာဏာပိုင်လက်အောက်တွင် ထားရှိရေးနှင့် လုံခြုံရေးကဏ္ဍအား အရပ်ဘက်ထိန်းချုပ်မှုပြန်လည်ရရှိရေးပင်ဖြစ်သည်။ ယင်းလုပ်ငန်းကို အရေးတကြီးလုပ်ဆောင်ရန် လိုအပ်ပြီး သို့မှသာ ပဋိပက္ခများ ဆက်လက်ဖြစ်ပေါ်ခြင်းကို ကာကွယ်နိုင်မည် ဖြစ်သည်။

### *စီးပွားရေးကဏ္ဍ – အခြေခံအဆောက်အအုံအားနည်းမှု*

နှစ်နိုင်ငံစလုံးမှာ ဖွံ့ဖြိုးမှုအနည်းဆုံးတိုင်းပြည်များအဖြစ် သတ်မှတ်ခံထားရသည်။ ဆင်းရဲသားပြည်သူအများစုမှာ ဘဝရှင်သန်ရေးအတွက် ခက်ခက်ခဲခဲ ရုန်းကန်နေကြရသောကြောင့် စုပေါင်းလုပ်ဆောင်မှုအတွက် စုစည်းရန် မစွမ်းသာ ဖြစ်နေကြရပြီး၊ အကြီးအကျယ် ဘေးဖယ်ထားခြင်းခံနေရသည်။ မည်သို့ပင်ဆိုစေ ၁၉၈၈ ခုနှစ် မြန်မာနိုင်ငံလူထုအုံကြွမှု၊ ‘ဂျူဗယ်လီးယား’အာဏာရှင်အဆုံးသတ်ရေးတောင်းဆိုလှုပ်ရှားမှုနှင့် ၁၉၈၉ ခုနှစ် ‘အရစ်စ်တိုက်’အား လူထုက ထောက်ခံသော လှုပ်ရှားမှုတို့မှာ စီးပွားရေးအခြေအနေဆိုးကို ပြည်သူလူထုက ဆန့်ကျင်ငြင်းပယ်မှုကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ဆင်းရဲမွဲတေမှုကြီးမားလာခြင်းနှင့်အတူ ဆက်စပ်၍ ပဋိပက္ခများဖြစ်ပေါ်စေရန်အလားအလာများ၏ အခြေခံအကြောင်းရင်းမှာ စီးပွားရေးကဏ္ဍ ယို့ယွင်းကျဆင်းလာမှု ဖြစ်သည်။

ဟေတီနိုင်ငံလူဦးရေ၏ တစ်ရာခိုင်နှုန်းက တိုင်းပြည်အမျိုးသားဝင်ငွေ၏ (၄၆)ရာခိုင်နှုန်းခန့်ကို ထိန်းချုပ်ထားသဖြင့် တိုင်းပြည်အရင်းအမြစ်များမှာ အထက်တန်းလွှာလူတစ်စု၏လက်ထဲတွင်သာ ရှိနေပေသည်။ ၎င်းတို့က နေရာတကာတွင် စီပွားရေးအရ လွှမ်းမိုးထားပြီး အထွေထွေစီပွားရေးကဏ္ဍအခြေခံအဆောက်အအုံအဆမတန် အားနည်းချိနဲ့မှုကြလည်း မညီမျှမှုများကို ပို၍ ကြီးထွားစေပါသည်။ ထို့ကြောင့် အထက်တန်းလွှာလူတစ်စု ကြွယ်ဝချမ်းသာလာသော်လည်း တိုင်းပြည်

၏ စီးပွားရေးကဏ္ဍတစ်ရပ်လုံးမှာမူ ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်စွမ်း မရှိတော့ပေ။

မြန်မာနိုင်ငံ၌ တိုင်းပြည်၏ အရင်းရှင်လူတန်းစားတွင်ပါဝင်သော အိန္ဒိယနှင့် တရုတ်နွယ်ဖွား ကုန်သည်များကို ထွက်သွားစေခဲ့သည့် စစ်အစိုးရ၏ အမျိုးသားရေးဆိုရှယ်လစ်မူဝါဒများကြောင့် စီးပွားရေးအခြေခံအဆောက်အအုံမှာ အလုံးစုံ ပျက်စီးခဲ့ရသည်။ ယင်းအခြေအနေက စစ်အစိုးရအား စီးပွားရေးအရ စိန်ခေါ်မည့် အလားအလာကို သိသိသာသာ အားလျော့စေခဲ့သည်။

စစ်တပ်အရာရှိများက အမျိုးသားစီးပွားရေးကို အလုံးစုံချုပ်ကိုင်ခဲ့ကြသည်။ သို့သော် လုပ်ရည်ကိုင်ရည်ညံ့ဖျင်းမှုကြောင့် ဟေတီနိုင်ငံတွင် တွေ့မြင်ရသကဲ့သို့ စီးပွားရေးအရ ဒေါက်တိုင်ကွန်ယက်များ မတည်ဆောက်နိုင်ခဲ့ပေ။ တနည်းအားဖြင့် စစ်အစိုးရအနေဖြင့် စစ်တပ်ကိုသာ ၎င်း၏ တစ်ခုတည်းသော အခြေခံဒေါက်တိုင်အဖြစ် မှီခိုအားထားခဲ့သည်။ ထို့အပြင် တဝက်တပျက်စီးပွားရေးလွတ်လပ်ခွင့်ပြုခြင်းနှင့်အတူ အကျိုးအမြတ်ရှိသော ရင်းနှီးမြှုပ်နှံမှုအများစုကို စစ်တပ်အရာရှိများ ပိုင်ကုမ္ပဏီများကသာ လုပ်ဆောင်ခွင့်ရသဖြင့် အာဏာကို အားဖြည့် အထောက်အကူဖြစ်စေမည့် နီးစပ်သူအသိုင်းအဝိုင်းနှင့် လက်ဝါးကြီးအုပ်ချုပ်ကိုင်သူများ ပေါ်ပေါက်လာခဲ့သည်။ ဤအခြေအနေမှာ ဟေတီတွင် တွေ့မြင်ရသကဲ့သို့ ကိုယ်ကျိုးရှာ မဟာမိတ်စုဖွဲ့မှုက လွှမ်းမိုးချုပ်ကိုင်ထားသောအနေအထားမျိုး အစပြုမှုပင်ဖြစ်သည်။

နှစ်နိုင်ငံစလုံးတွင် မှောင်ခိုဈေးကွက်နှင့် တရားမဝင်ကုန်သွယ်မှုတို့မှာ စစ်စီးပွားရေး၏ အဓိကအခြေခံများအဖြစ် သိသိသာသာပင် ပေါ်ထွန်းလာခဲ့ပြီး၊ အစိုးရအာဏာပိုင်များက ယင်းဈေးကွက်များနှင့် ကုန်သွယ်မှုများကို ခွင့်ပြုကာ အကျိုးအမြတ်များရရှိနေသည်ဟု တွက်ဆနိုင်သည်။ ၎င်းတို့အား အဆိုပါ ကုန်သွယ်မှုများ ဖြစ်ပေါ်စေသော အခြေအနေများကို ဖန်တီးနေသူများအဖြစ် ယူဆနိုင်သည့်အတွက်

နိုင်ငံတော်တရားဝင်မှုရရန် ပို၍ခက်ခဲစေပြီး၊ ပဋိပက္ခဖြေရှင်းရေးအလားအလာကို ရှုပ်ထွေးစေလိမ့်မည် ဖြစ်သည်။

## (၁–၃) ပြည်တွင်းပြည်ပ ပါဝင်ပတ်သက်သူများ

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရကတည်းကပင် ပြည်တွင်းအထီးကျန်မူဝါဒများနှင့် နိုင်ငံတကာအရေးယူမှုများကြောင့် အထီးကျန်လျက် ရှိနေခဲ့သည်။ ဈေးကွက်လွတ်လပ်ခွင့်ပြုရေးမူဝါဒများကြောင့် မကြာခင်ကာလများက ဒေသတွင်းဆက်ဆံရေးကို အားပေးလာခဲ့သည်။ ဆန့်ကျင်ဘက်အားဖြင့် ဟေတီနိုင်ငံရေးတွင်မူ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူသည့် ကြားဝင်ဆောင်ရွက်ရေးအပါအဝင် နိုင်ငံတကာအသိုင်းအဝန်းက ထဲထဲဝင်ဝင် ပါဝင်ပတ်သက်လျက်ရှိသည်။ ဟေတီနိုင်ငံသည် နိုင်ငံတကာဖိအားပေးမှုများကို ကြီးကြီးမားမား ရင်ဆိုင်နေရသော်လည်း၊ မြန်မာနိုင်ငံတွင်မူ ဖိအားပေးမှုနည်းပါးသည့်အတွက် နိုင်ငံတကာသံတမန်ရေးကြိုးပမ်းမှုများမှာ အရာမထင်ဖြစ်နေရသည်။

နှစ်နိုင်ငံစလုံး၏ ပြည်တွင်းအခြေအနေတွင် အရပ်ဘက်နှင့် နိုင်ငံရေးလူ့အဖွဲ့အစည်းနယ်ပယ်များမှာ အကြမ်းဖက်မှုများ၊ ခြိမ်းခြောက်မှုများနှင့် လိုအပ်ချက်များကြောင့် သိသိသာသာပင် ကန့်သတ်ထိန်းချုပ်ခံထားရသည်။ ဟေတီနိုင်ငံတွင် ယင်းနယ်ပယ်များမှာ မြန်မာနိုင်ငံတွင်ကဲ့သို့ အပိတ် ဖြစ်မနေပေ။ သို့သော် ဟေတီ အရပ်ဘက်လူ့အဖွဲ့အစည်း (Civil Society)မှာ အုပ်စိုးသူလူတန်းစား၏ စောင့်ကြပ်ကြည့်ရှုခံရမှုနှင့် မျက်နှာသာပေးမှုများမှ လွန်ဆန်နိုင်စွမ်းမရှိဘဲ အားနည်းလျက်ရှိပြီး၊ အလိုတော်ရိ ပူးပေါင်းသူများ ဖြစ်သွားနိုင်သည့် အခြေအနေမျိုးဖြစ်သည်။ ထို့အပြင် "အာဏာဟူသည် ရုပ်ဘဝပြီးပြည့်စုံရေးနှင့် လူတန်းစားမြင့်တက်ရေးအတွက် ကြားခံတစ်ခုဖြစ်ပြီး အွန္တိမမှာ ပုဂ္ဂိုလ်ရေးလိုအင်ဆန္ဒများကို ဖြည့်ဆီးရန်အတွက် ဖြစ်သည်၊ သို့ဖြစ်ရာ အာဏာကို မခွဲဝေနိုင်ပေ" ဟူသည့် ဟေတီတို့၏အမြင်ကြောင့် နိုင်ငံရေးနယ်ပယ်သည်လည်း ပုံပျက်နေရပေသည်။ ထို့ကြောင့် ဟေတီ၌ အရပ်ဘက် လူ့အဖွဲ့

အစည်းနှင့် နိုင်ငံရေးလူ့အဖွဲ့အစည်းနှစ်ရပ်စလုံးက ခိုင်မာအားကောင်းသော ရွေး ကောက်ပြိုင်ဆိုင်သည့်ဝန်းကျင်တစ်ရပ် ဖန်တီးနိုင်မည် မဟုတ်ပေ။

မတူကွဲပြားစွာပင် မြန်မာနိုင်ငံ၌ နိုင်ငံရေးပါတီများကို ၁၉၆၄ ခုနှစ်တွင် ပိတ်ပင်ခဲ့ပြီး၊ အရပ်ဘက်လူ့အဖွဲ့အစည်းလှုပ်ရှားမှုများမှာ အပြင်းအထန် ဖိနှိပ်ခံ နေရသည်။ မည်သို့ပင်ဆိုစေ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် နိုင်ငံရေးလူ့အဖွဲ့ အစည်းများမှာ မြေအောက်လှုပ်ရှားမှုသဏ္ဍာန်ဖြင့် ဆက်လက် ရှင်သန်နေလျက်ရှိ သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ အပြင်းအထန်ချုပ်ချယ်ကန့်သတ်ခံနေရ သည့်ကြားမှပင် ပြည်သူလူထု၏ ဒီမိုကရေစီရေးတောင်းဆိုလှုပ်ရှားမှုအတွက် စုစည်း မှုဆုံချက် အင်အားစုတစ်ရပ် ဖြစ်နေသည်။ သို့သော် ဒီမိုကရေစီမှာ တကယ့်စစ်မှန် သော အဖြေတစ်ရပ်ပင်လော။

နှစ်နိုင်ငံစလုံးတွင် ပဋိပက္ခအား ကြီးထွားစေသည့် သွင်ပြင်လက္ခဏာများကို အများအပြားပင် တွေ့မြင်နေရသည်။ ယင်းတို့မှာ အုပ်ချုပ်ရေးအကျပ်အတည်းများ၊ လူနည်းစုသာပါဝင်နိုင်သည့်နိုင်ငံရေးနှင့် ထက်အောက် ဒေါင်လိုက်မညီမျှမှုများ အပါ အဝင်ဖြစ်သည်။ အရပ်သားများအပေါ် အကြမ်းဖက်မှုကို စစ်တပ်အား လွတ်လပ်စွာ လုပ်ပိုင်ခွင့်ပြုခြင်းမှာ နေရာတကာ အသုံးပြုနေသည့် ဖိနှိပ်ထိန်းချုပ်ရေးနည်းလမ်း တစ်ရပ် ဖြစ်သည်။ ဒုက္ခမျိုးစုံခါးစည်းခံရမှုများနှင့် လူမှုစီးပွားရေးဘဝ ပျက်ယွင်းမှုများ ကြောင့် ပြည်သူတို့မှာ နင်းပြားဘဝသို့ရောက်နေကြရပြီး အထက်တန်းလွှာလူနည်းစု မှာ အကျိုးအမြတ်များ ဖြစ်ထွန်းနေလျက်ရှိသည်။ ယင်းဖြစ်စဉ်တို့၏ ဆိုးမွေများမှာ ကြီးမားပြင်းထန်လှပြီး ကျော်လွှားရန် ခက်ခဲလှပေသည်။ နိုင်ငံတော်တရားဝင်မှု ပြန်လည်ရရှိရန် အဓိကကျသော ပြောင်းလဲမှုကြီးများ လုပ်ဆောင်ရန် လိုအပ်သည်။ ယင်းတို့တွင် တရားဥပဒေပြန်လည်စိုးမိုးရေးနှင့် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးကို အပူတပြင်းဆောင်ရွက်ခြင်းတို့ အပါအဝင်ဖြစ်သည်။ သို့သော် ယင်းအပြောင်းအလဲ များသည် တည်ဆဲအာဏာအဆောက်အအုံများကို ခြိမ်းခြောက်နေသည်ဖြစ်ရာ ဟေတီတွင် ကြုံရသကဲ့သို့ တည်ဆဲအာဏာအဆောက်အအုံများက ၎င်းတို့အကျိုး

အတွက် အပြောင်းအလဲအများစုကို လိုသလို အသွင်ပြောင်းလိုက်နိုင်ပေသည်။ သို့ဖြစ်၍ ဒီမိုကရေစီမှာ အဆိုပါအခက်အခဲအတားအဆီးများကို ကျော်လွှားနိုင်မည်လော။

## (၂) ဒီမိုကရေစီမှာ အဖြေတစ်ရပ်လော ?

ဒီမိုကရေစီကို ပဋိပက္ခ၏အဖြေအဖြစ် သတ်မှတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ရင့်ကျက်သောဒီမိုကရေစီနိုင်ငံများမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်မက်ဖြစ်ပွားခြင်း မရှိကြောင်း အထောက်အထားများက ညွှန်ပြနေသောကြောင့် ဖြစ်သည်။ "ဒီမိုကရေစီငြိမ်းချမ်းရေး"(Democratic Peace)သီအိုရီက အဆိုပြုသည်မှာ အနိမ့်ဆုံး တစိတ်တပိုင်းအားဖြင့် ဒီမိုကရေစီသည် ပင်ကိုယ်အရ ငြိမ်းချမ်းစွာ ပဋိပက္ခဖြေရှင်းရေးနည်းလမ်းများကို ဖြည့်ဆီးပေးသောကြောင့်ဟူ၍ ဖြစ်သည်။ မည်သို့ပင်ဆိုစေ 'ကယ်လ်ဒေါ'နှင့် 'လပ်က်ခမ်း'တို့က ၁၉၉၀လွန်နှစ်များတွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများသည် အာဏာရှင်အုပ်စိုးမှုများမှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဆီသို့ အသွင်ကူးပြောင်းရေးကာလများ၌ ပေါ်ထွန်းလာခဲ့ခြင်းဖြစ်ကြောင်း ထောက်ပြ၍ ဒီမိုကရေစီအဆောက်အအုံများတည်ဆောက်ခြင်း မပြုရသေးမီ အသွင်ကူးပြောင်းရေးကာလ၏ အန္တရာယ်ကို မီးမောင်းထိုးပြခဲ့သည်။

အခြေခံအရ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုသည်မှာ အာဏာရှင်အုပ်စိုးမှုများအား ဒီမိုကရေစီအုပ်ချုပ်ရေးဆီသို့ အသွင်ပြောင်းသည့် ရှုပ်ထွေးနက်နဲသောဖြစ်စဉ်ဟု 'ဖတ်တန်' (Fatton)က ဆိုပေသည်။ ယင်းဖြစ်စဉ်ကို များသောအားဖြင့် အစပြုသည်မှာ စီးပွားရေးကျဆင်းခြင်း၊ လူထုထောက်ခံမှု လျော့ကျလာခြင်း၊ အာဏာရှင်အုပ်စုအတွင်း အစိတ်စိတ်အမွှာမွှာ ကွဲပြားလာခြင်း (သို့မဟုတ်) ဒီမိုကရေစီပြောင်းလဲရေးလှုပ်ရှားမှုကို လှုံ့ဆော်သည့် ပြင်ပအပြောင်းအလဲတစ်ရပ်စသည့် အခြေခံအကျပ်အတည်းများ ဖြစ်ကြသည်။ ဟေတီနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်ကို ပြင်ပဖိအားသက်ရောက်မှုများနှင့် တဖြည်းဖြည်း

ကြီးထွားလာသော လူထုဆန္ဒက အစပြုခဲ့သည်။ မြန်မာနိုင်ငံတွင်မူ ယင်းအချက်များ နှင့် ဒီမိုကရေစီရေးလှုပ်ရှားတို့ ဆက်စပ်ကာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ် ရှုတ်ချည်းဖြစ်လာခဲ့သည်။

အသွင်ကူးပြောင်းရေးတွင် အဓိကပြဿနာမှာ အုပ်စိုးသူဟောင်းများနှင့် အသစ်ပေါ်ထွန်းလာသော ခေါင်းဆောင်များအကြား အာဏာတိုက်ပွဲဖြစ်သည်။ ယင်းပဋိပက္ခကို ရှောင်လွှဲရန် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလှုပ်ရှားမှုအနေဖြင့် တည်ဆဲအာဏာပိုင်များနှင့် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရန် လိုအပ်သည်။ သို့မှသာဆင့် ဒီမိုကရေစီအုပ်ချုပ်ရေးမှာ ၎င်းတို့အတွက်လည်း အကျိုးရှိနိုင်သည်ဟူ၍ လက်ခံ လာမည် ဖြစ်သည်။

သို့သော် ယင်းသို့ စေ့စပ်ညှိနှိုင်းမှုများမှတဆင့် အပေးအယူလုပ်ခြင်းသည် အာဏာရှင်အုပ်စု၏ နိုင်ငံရေးအခန်းကဏ္ဍကို ဆက်လက်တည်မြဲစေပြီး၊ ပျက်စီး ယိုယွင်းနေသည့် အဆောက်အအုံများကိုလည်း သက်ဆိုးရှည်စေရန် အာမခံချက် ပေးသကဲ့သို့ ဖြစ်စေလိမ့်မည်။ တချိန်တည်းတွင် ဟေတီနိုင်ငံအတွေ့အကြုံအရ အာ ဏာရှင်အုပ်စိုးမှုအမွေကို တရားဝင်မှုပေးအပ်သကဲ့သို့ ဖြစ်လိမ့်မည်ဟု 'ဖတ်တန်' (Fatton) က ဝေဖန်ထောက်ပြသည်။ ၎င်း၏အဆိုအရ ယင်းသို့သော ဖြစ်စဉ်က ဟေတီ နိုင်ငံကို 'လောဘရမက်အခြေခံဒီမိုကရေစီစနစ်' ဖြစ်လာစေခဲ့သည်။ ယင်းမှာ ဓနဉစ္စာနှင့် အခွင့်ထူးခံရေး ဦးတည်သော အာဏာကို လက်ဝါးကြီးအုပ်ရန် ကြိုးပမ်း အားထုတ်မှုများ (Hobbesian Struggle) နှင့်အတူ တဝက်တပျက် လစ်ဘရယ် ဒီမိုကရေစီစနစ်တစ်ရပ်ပင် ဖြစ်သည်။ တည်ဆဲအာဏာအဆောက်အအုံများမှာ သက်ဆိုးရှည်နေလျှက် နိုင်ငံတော်အာဏာထိန်းချုပ်ရေး အကြမ်းဖက်ပြိုင်ဆိုင်မှု များကို တွေ့ကြုံနေရသည်ဟု ၎င်းက ဆက်လက်၍ ထောက်ပြထားသည်။

မြန်မာနိုင်ငံ၏ အခြေအနေမှာ စုပေါင်းပိုင်ဆိုင်သော လူ့အဖွဲ့အစည်းတစ်ရပ် ဟူသည့် အမျိုးသားရေးအသိ ကင်းမဲ့ခြင်းဒဏ်ကို အလူးအလဲ ရင်ဆိုင်နေရသော်

လည်း ဒီမိုကရေစီပြောင်းလဲရေးအောင်မြင်မှုအလားအလာတွင်မူ ဟေတီနိုင်ငံနှင့် နှိုင်းယှဉ်ပါက အားသာချက်များ ရှိနေပေသည်။ အဓိကအားဖြင့် မြန်မာနိုင်ငံ၏ အာဏာအဆောက်အအုံများမှာ ဟေတီနိုင်ငံတွင်တွေ့ရသကဲ့သို့ ရှုပ်ထွေးယှက်နွယ် လျှက်ရှိမနေဘဲ၊ အများစုမှာ စစ်တပ်အဆောက်အအုံများအတွင်း ဖြစ်တည်နေခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် စစ်အုပ်စုဖြုတ်ချရေးသည် အာဏာအဆောက်အအုံ ဟောင်းများကို သုတ်သင်ဖယ်ရှားရေးလုပ်ငန်းနှင့် အတူတူပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် အစိုးရပြောင်းလဲရေးလုပ်၍ နိုင်ငံတော်တရားဝင်မှု ပြန်လည်တည် ဆောက်ရေးသည် ဟေတီနိုင်ငံနှင့် နှိုင်းယှဉ်သော် ပို၍ ဖြစ်နိုင်သည့် အလားအလာ ရှိနေပေသည်။ မည်သို့ပင်ဆိုစေ 'ပါမောက္ခဟန်တင်တန်'၏ အဆိုအရ အများအား ဖြင့် စစ်အုပ်စုများသည် ယင်းသို့သော အသွင်ကူးပြောင်းရေးများတွင် ၎င်းတို့ အတွက် အာမခံချက်များကို တောင်းဆိုလေ့ရှိကြသည်။ အခြားတဖက်တွင်လည်း NLD အား လူထုထောက်ခံမှုအတိုင်းအတာပမာဏနှင့် ပြည်သူတို့၏ ဒီမိုကရေစီ လိုလားမှုတို့ကြောင့် ဟေတီနိုင်ငံတွင် တွေ့ရသည်ထက် ပို၍ခိုင်မာအားကောင်း သော ပြည်တွင်းမှ တောင်းဆိုလှုပ်ရှားမှုက ဒီမိုကရေစီအသွင်ကူးပြောင်းရေး အောင်မြင်စေရန် အထောက်အကူပြုပေလိမ့်မည်။ ထို့ကြောင့် အခြေခံအကျပ် အတည်းတစ်ရပ်သာ ပေါ်ပေါက်လာပါက မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြောင်းလဲရေး ကာလသို့ ရောက်လာရပေမည်။

## နိဂုံး

မတူကွဲပြားသော သမိုင်းနောက်ခံများနှင့် ပစ္စက္ခကာလအခြေအနေများ ရှိသော်လည်း ဟေတီနိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံစလုံးတွင် စစ်ပွဲသစ်များ၏ အလား လာကို ဖော်ညွှန်းသော ပုံမှန်သွင်ပြင်လက္ခဏာများကို တွေ့ရလျှက်ရှိသည်။ သို့ဖြစ်ရာ နှစ်နိုင်ငံစလုံးတွင် မတူကွဲပြားသော အကြောင်းရင်းခံများရှိသော်လည်း အဓိက အခြေခံတူညီမှုများလည်း ရှိနေသည်။ တပြိုင်နက်တည်းတွင် အခြေခံအားဖြင့် မတူ ကွဲပြားနေမှုများလည်းရှိနေရာ၊ ယင်းတို့မှာ ပျက်စီးယို့ယွင်းနေသော အာဏာ

အဆောက်အအုံများ နောက်ကွယ်မှ ထူးခြားချက်များနှင့် နိုင်ငံတော်ကို ချုပ်ကိုင်ထားသော အုပ်စိုးသူများပင် ဖြစ်သည်။ ဟေတီရှိ အာဏာအဆောက်အအုံများမှာ ရှုပ်ထွေးလျှက်ရှိနေပြီး၊ နှိုင်းယှဉ်မှုအရ ကိုင်တွယ်ရန် ခက်ခဲနေလျှက်ရှိသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှတဆင့် အာဏာရှင်အုပ်စိုးသူများ၏ အခြေခံအရင်းအမြစ်များကို ဖယ်ရှားရန် ပို၍ ဖြစ်နိုင်ပြီး၊ အမျိုးသားညီညွတ်ရေး တည်ဆောက်နိုင်စွမ်းအားဖြင့် ဒီမိုကရေစီအပြောင်းအလဲကာလသို့ ရောက်ပါက ရင့်ကျက်တည်ငြိမ်သော ဒီမိုကရေစီစနစ် တည်ဆောက်ရန် အခွင့်အလမ်း ပို၍ ရှိနေပေသည်။

ကေသီဟူစာ (***Cathy Huser***)သည် ဒါဖာ၊ ဟေတီ၊ ချက်ချင်ညာ၊ ဒါဂတ်စ်တန်၊ ကွန်ဂိုဘရာဇ်ဇာဗီလ်၊ ဆူဒန်တောင်ပိုင်း၊ ဆိုမာလီယား၊ နိုက်ဂျီးရီးယား၊ အီသီယိုပီးယားနှင့် ကင်ညာ အပါအဝင် ပဋိပက္ခများဖြစ်ပွားနေသော ဒေသများ၌ လူသားချင်းဆိုင်ရာအကူအညီပေးရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့သည်။ ၂၀၀၀ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဟေတီ၊ နိုက်ဂျီးရီးယားနှင့် ကွန်ဂိုဘရာဇ်ဇာဗီလ်တို့တွင် နယ်ခြားမဲ့ဆေးကုသရေးအဖွဲ့ (*Medecins Sans Frontieres - MSF*) ၏ တာဝန်ခံ အဖြစ် ထမ်းဆောင်ခဲ့သည်။ ထို့အပြင် အီသီယိုပီးယား၊ ချက်ချင်ညာနှင့် ဒါဂတ်စ်တန်တို့ရှိ နိုင်ငံတကာကြက်ခြေနီအဖွဲ့ (*ICRC*) တွင်လည်းကောင်း၊ ဆူဒန်တောင်ပိုင်းနှင့် ကင်ညာတို့ရှိ နိုင်ငံတကာကယ်ဆယ်ရေးကော်မတီ (*IRC*) တွင်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

## BIBLIOGRAPHY

Alamgir, J (1997) 'Against the current: The survival of authoritarianism in Burma', Pacific Affairs, Vol 70, No 3, pp 333-350

CIIR (1996) 'Haiti: Building democracy', Comment; London: Catholic Institute for International Relations

DFID (2002) Conducting conflict assessment: Guidance notes; Department for International Development, UK

Fatton, R Jr. (2002) Haiti's Predatory republic: The unending transition to democracy; London: Lynne Rienner Publishers

Huntington, S P (1992) ‘How countries democratize’, Political Science Quarterly; Vol 106, No 4, pp 579-616

Kaldor, M & Luckham, R (2001) ‘Global transformations and new conflicts’, IDS Bulletin; Vol 32, No 2, pp 48-69

Kohn, R (1997) ‘How democracies control the military’, Journal of Democracy; Vol 8, No 4, pp 140-153

Luckham, R, Goetz, A-M & Kaldor, M (2003) ‘Democratic institutions and democratic politics’ in Bastian, S & Luckham, R (eds) Can democracy be designed?; London: Zed Press

Mansfield, E.D & Snyder, J (1995) ‘Democratization and the danger of war’ International Security, Vol 20, No 1, pp 5-38

Smith, M (2002) Report – Burma (Mynmar): The time for change; London: Minority Rights Group International

Steinberg, D.I (1991) ‘Democracy, power, and the economy in Mynmar: Donor dilemmas’, Asian Survey, Vol 31, No 8, pp 729-742

Sulistyanto, P (2002) Thailand, Indonesia and Burma in comparative perspective; Aldershot: Ashgate

Thomson, C (1995) ‘Political stability and minority groups in Burma’, Geographic Review, Vol 85, No 3, pp 269-285

Trouillot, M-R (1985) Nation, state, and society in Haiti, 1804-1984; Washington: Woodrow Wilson International Centre for Scholars

# စေ့စပ်ညှိနှိုင်း၍ အသွင်ကူးပြောင်းခြင်း – မြန်မာနိုင်ငံတွင် ချီလီပုံစံအသွင်ကူးပြောင်းရေး ဖြစ်နိုင်မည်လော

*အောင်မိုးဇော်*

*... အကယ်၍သာ စစ်အုပ်စုက ၎င်းတို့၏ နိုင်ငံရေးရပ်တည်ချက်ကို အပေး အယူအလျှော့အတင်းပြုရန် စေ့စပ်ညှိနှိုင်းရန် အဆင်သင့်ရှိမည်ဆိုပါမူ လူမျိုးစုများ အပါအဝင် ဒီမိုကရေစီအင်အားစုများအနေဖြင့် ချီလီအတိုက်အခံတို့၏ လမ်းကြောင်း အတိုင်း လျှောက်လှမ်း၍ စစ်အစိုးရ၏ စည်းဘောင်အတွင်း လုပ်ဆောင်ရန် အဆင်သင့် ရှိနေနိုင်သည်ဟု ယခုစာတမ်းက ယူဆထားပါသည်။ မြန်မာစစ်အုပ်စုအနေဖြင့် ဒီမိုကရေစီပွင့်လန်းလာရေး ဖိအားပေးမှုများကို ၎င်းတို့၏ ဖိနှိပ်အုပ်ချုပ်ရေးနည်းလမ်း ဖြင့် ထိန်းချုပ်ထားခြင်းငှာ ဆက်လက်၍ မစွမ်းနိုင်ကြောင်း သဘောပေါက် လက်ခံလာ ရေးမှာ လိုအပ်နေဆဲဖြစ်သည်။*

## နိဒါန်း – ဦးနှောက်ကစားခြင်း

လွန်ခဲ့သောဆယ်စုနှစ်ကိုကျော်လွန်၍ တိုင်းပြည်အများအပြားရှိ စစ်အုပ်စု များကို လေ့လာကြည့်မည်ဆိုလျှင် အခြေခံအားဖြင့် အမျိုးအစားနှစ်မျိုးကို တွေ့ရှိရ သည်။ ယင်းတို့မှာ ဒီမိုကရေစီကိုရှေ့ရှုသည့် ပြုပြင်ပြောင်းလဲမှုကို လိုက်လျောဆောင် ကျဉ်းသော စစ်အုပ်စုမျိုးနှင့် ပြုပြင်ပြောင်းလဲမှုလှိုင်းကို ခုခံဆန့်ကျင်သော စစ်အုပ်စု မျိုးတို့ ဖြစ်သည်။ မြန်မာနိုင်ငံရှိ စစ်အုပ်စုသည် ပြုပြင်ပြောင်းလဲရေးအတွက် ဖိအား ပေါင်းစုံကို ကာလကြာရှည်စွာ ခုခံဆန့်ကျင်နေသော စစ်အုပ်စုအနည်းငယ်အနက် တစ်ခုဖြစ်သည်။

မူရင်း
**Aung Moe Zaw. "Pacted-Transition: Can Burma Follow Chile's Example?", *Journal of Democracy Exploration*, No. 1, Janauary 2006.**

ဤစာတမ်းငယ်က မြန်မာနိုင်ငံရှိ နိုင်ငံရေးလုပ်သည့်စစ်အုပ်စုက ပြုပြင်ပြောင်းလဲရေးလိုင်းကို မည်သို့ ခုခံကာကွယ်နေသနည်းဆိုသည့်အချက်ကို တစ်ချိန်က ချီလီစစ်အုပ်စုက ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလိုင်းတွင် လိုက်ပါစီးမျောခဲ့ပုံဖြင့် နှိုင်းယှဉ်၍ စူးစမ်းလေ့လာမှု ပြုလုပ်ခြင်း ဖြစ်ပါသည်။ စစ်တပ်အကြောင်းဆိုသည်ထက် စစ်အုပ်စုခေါင်းဆောင်များ၏ ပြုမူဆောင်ရွက်ပုံများအား နှိုင်းယှဉ်လေ့လာထားခြင်း ဖြစ်သည်။ ယခုကဲ့သို့ လေ့လာရခြင်း၏ အခြေခံအကြောင်းရင်းမှာ ယင်းကဲ့သို့ နိုင်ငံရေးလုပ်နေသည့်စစ်အုပ်စုများ၏ နိုင်ငံရေးသဘောထားများ၊ လုပ်ငန်းစဉ်များအတွင်း မြန်မာနိုင်ငံဒီမိုကရေစီရေးလှုပ်ရှားမှုအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် သို့မဟုတ် စေ့စပ်ညှိနှိုင်းအဖြေရှာနိုင်မည့် အခန်းကဏ္ဍတစ်ခုခု ရှိနိုင်မည်လားဟူ၍ ဦးနှောက်ကစားခြင်း၊ စူးစမ်းခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ဤစာတမ်းငယ်တွင် မေးခွန်းသုံးခုကို တင်ပြထားပါသည်။

- ၁၉၈၈ ခုနှစ်မှစ၍ ယခုအချိန်အထိ မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော နိုင်ငံရေးအကျပ်အတည်းတွင် စစ်တပ်က မည်သည့်အခန်းကဏ္ဍတွင် ပါဝင်ပြီး၊ မည်သည်တို့ကို ဆောင်ရွက်နေသနည်း။
- ချီလီ၏ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်တွင် အထူးသဖြင့် အသွင်ကူးပြောင်းရေးကာလသဘောတူညီချက် ရယူခဲ့သည့်ဖြစ်စဉ်တွင် ချီလီစစ်အုပ်စု၏ ဖြတ်သန်းမှုနှင့် ဆောင်ရွက်ချက်များထဲမှ မြန်မာနိုင်ငံအတွက် မည်သည့် သင်ခန်းစာများ ထုတ်ယူနိုင်ပါသနည်း။
- မြန်မာနိုင်ငံရှိ နိုင်ငံရေးလုပ်နေသည့် စစ်အုပ်စုအနေဖြင့် ချီလီပုံစံအပြောင်းအလဲအတိုင်း ဆောင်ရွက်နိုင်ပါမည်လား။ မည်သို့ ဆောင်ရွက်မည်နည်း။ အဘယ့်ကြောင့် ဆောင်ရွက်မည်နည်း။

မြန်မာနိုင်ငံသည် ခေတ်မီသော ဒီမိုကရေစီစနစ်တစ်ခုတည်ဆောက်ရေးနှင့် ဈေးကွက်စီးပွားရေး စနစ်အရ ပြည်သူတစ်ရပ်လုံးအား စုစည်းညီညွတ်နိုင်ရေးဟူသည့် အဓိကရည်မှန်းချက်နှစ်ရပ်အတွက် ၁၉၄၈ ခုနှစ်ကစ၍ပင် လှုပ်ရှားရုန်းကန်ခဲ့သည်။ သို့သော် အဆိုပါရည်မှန်းချက်နှစ်ရပ်စလုံး မအောင်မြင်ခဲ့ပေ။ မြန်မာနိုင်ငံသည် လူမျိုးစုံ

မှီတင်းနေထိုင်သောနိုင်ငံတစ်ခုဖြစ်သည့်အလျောက် ပြည်သူတစ်ရပ်လုံး၏ စုစည်း ညီညွတ်မှုဖြင့် နိုင်ငံကို ဖယ်ဒရယ်ပြည်ထောင်စုပုံစံ တည်ဆောက်ရေးအတွက် ခေတ်သစ်မြန်မာနိုင်ငံတည်ထောင်ခဲ့သူခေါင်းဆောင်များက ရေးရှုခဲ့ကြသည်။ သို့ သော်လည်း သဘောကွဲလွဲမှုများအား ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်သည့် နုနယ်သော ဒီမိုကရေစီဘောင်မှာ နိုင်ငံရေးရည်မှန်းချက်ကြီးသော စစ်အုပ်စု၏ ၁၉၆၂ ခုနှစ် အာဏာသိမ်းမှုကြောင့် ပျက်စီးခဲ့ရသည်။ ၁၉၈၈ ခုနှစ် နိုင်ငံတဝှမ်းလုံးတွင် ဆင်နွှဲ ခဲ့သည့် ဒီမိုကရေစီအရေးတော်ပုံကြီးက တိုင်းပြည်သည် ဒီမိုကရေစီဖယ်ဒရယ် ပြည်ထောင်စုစနစ်ဆီသို့ ပြန်လည်ဦးလှည့်လာလိမ့်မည်ဟူသည့် မျှော်လင့်ချက် ရောင်ခြည်ကို တောက်ပစေခဲ့သည်။ အထူးသဖြင့် ၁၉၉၀ ခုနှစ်တွင် ပြည်သူအများ စုက နိုင်ငံရေးပြုပြင်ပြောင်းလဲရေးဖြစ်လိုသည့် ၎င်းတို့၏ ဆန္ဒကို ရွေးကောက်ပွဲများ မှတဆင့် ထုတ်ဖော်ပြသခဲ့ကြသည်။ စစ်တပ်က ရွေးကောက်ပွဲရလဒ်ကို အကောင် အထည်ဖော်ရန် ငြင်းဆန်သည့်အတွက် တိုင်းပြည်မှာ နိုင်ငံရေးအကျပ်အတည်းဖြင့် ရင်ဆိုင်လာခဲ့ရသည်။ ယင်းသို့သော အကျပ်အတည်းက လူမှုရေးနှင့်စီးပွားရေး ဘေးဒုက္ခဆိုးများကို ပေါ်ပေါက်စေခဲ့သည်။

ယနေ့ထိတိုင် စစ်အုပ်စုသည် နိုင်ငံရေးပြုပြင်ပြောင်းလဲရေး ပြည်တွင်းပြည်ပ ဖိအားပေါင်းစုံကို ကြံ့ကြံ့ခံလျက် တိုင်းပြည်အာဏာကို ဆက်လက်ထိန်းသိမ်းထား နိုင်ရေး ပိုင်းဖြတ်မှုကို အခိုင်အမာကိုင်စွဲထားနေဆဲဖြစ်သည်။ ပြည်တွင်းနိုင်ငံရေး အင်အားစုများနှင့်သော်လည်းကောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းက ညှိနှိုင်းဖြေရှင်း ပေးမည့်သူများနှင့်သော်လည်းကောင်း ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ဦးတည်မည့် တွေ့ဆုံဆွေးနွေးရေးလုပ်ရန် ငြင်းဆန်နေဆဲ ပင် ဖြစ်သည်။ ထိုသို့လုပ်ရမည့်အစား ၎င်းတို့ တဖက်သတ်ချမှတ်ထားသည့် "စည်း ကမ်းပြည့်ဝသောဒီမိုကရေစီ" သို့ "လမ်းပြမြေပုံ" ကို အကောင်အထည်ဖော်ရန် တိုင်းပြည်အတွင်း ဖိနှိပ်မှုနည်းလမ်းပေါင်းစုံကို ကျင့်သုံး၍ ခေါင်းမာစွာဖြင့် ကြိုးပမ်း နေပါသည်။ အကျိုးဆက်အနေဖြင့် တိုင်းပြည်ရှိပြဿနာများ ပြေလည်ရန် အဖြေရှာ မရဘဲ အကြမ်းဖက်မှုများနှင့် အဆုံးစွန် ပျက်သုဉ်းမည့်အခြေသို့ ပို၍ ဦးတည်နေ

ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ရန် အရေးတကြီး လိုအပ်နေပေသည်။

သို့ဖြစ်ရာ အလွန်ကြမ်းတမ်းသောအာဏာရှင်စနစ်၏ ခန့်မှန်းရခက်သည့် သဘောသဘာဝနှင့် စစ်အုပ်စု၏ အာဏာဆက်လက်ကိုင်စွဲထားရေးသံဓိဋ္ဌာန် ရှိနေမှုကို အသိအမှတ်ပြုလျက် ဤစာတမ်းငယ်က မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူ တချို့၏ အောက်ပါစဉ်းစားချက်အယူအဆများကို လေ့လာစူးစမ်းထားပါသည်။

* မြန်မာစစ်အုပ်စုသည် ၎င်းတို့၏ လမ်းပြမြေပုံလုပ်ငန်းစဉ်အတွင်း ဒီမိုကရေစီ အင်အားစုများ ပူးပေါင်းဆောင်ရွက်နိုင်မည့် သို့မဟုတ် ဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်မည့် တစုံတရာသော အကွက်အကွင်း သို့မဟုတ် အခန်း ကဏ္ဍ ဖွင့်ပေးထားသည်။
* ယင်းသို့သော အကွက်အကွင်း သို့မဟုတ် အခန်းကဏ္ဍကို အသုံးချနိုင် မည်ဆိုလျှင်၊ ဒီမိုကရေစီအင်အားစုများအနေဖြင့် စစ်အုပ်စုချမှတ်ထား သည့် နိုင်ငံရေးလုပ်ငန်းစဉ်ဘောင်အတွင်း စစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက် ရန် သဘောတူမည်ဆိုလျှင် ဒီမိုကရေစီစနစ်၏ အနိမ့်ဆုံးအခြေခံလိုအပ် ချက်များ (Procedures of Polyarchy) ကို ရရှိလာနိုင်မည်။

ထို့ကြောင့် ဤစာတမ်းငယ်က ချီလီနိုင်ငံအဓိကနိုင်ငံရေးဇာတ်ကောင်များ ၏ အသွင်ကူးပြောင်းရေးကာလသဘောတူညီမှုရရှိရေး မဟာဗျူဟာအား မြန်မာ ပြည်သူတို့၏ လက်ငင်းနှင့် ရေရှည်အကျိုးစီးပွားအတွက် အသုံးချနိုင်မည်လားဟု စူးစမ်းလေ့လာကြည့်ခြင်း ဖြစ်သည်။

## ပြုပြင်ပြောင်းလဲမှုကို ခုခံဆန့်ကျင်နေသည့် မြန်မာစစ်အုပ်စု (၁၉၈၈ ခုနှစ်မှ ယခုအချိန်အထိ)

မြန်မာနိုင်ငံလက်နက်ကိုင်တပ်ဖွဲ့များမှာ လက်နက်ကိုင်အင်အားစုတစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံရေးအင်အားစုတစ်ရပ်လည်း ဖြစ်သည်ဟု ပညာရှင်အချို့က ယူဆကြသည်။ ထို့အပြင် ကိုလိုနီစနစ်ဆန့်ကျင်ရေးနှင့် ဒုတိယကမ္ဘာစစ်ကာလ ဖက်ဆစ်ဆန့်ကျင်ရေး တိုက်ပွဲများအတွင်း ဖြစ်တည်လာခဲ့သော စစ်တပ်လည်း ဖြစ်သည်။ ၁၉၆၂ ခုနှစ်ကစ၍ စစ်တပ်က မြန်မာနိုင်ငံကို ပုံသဏ္ဍာန်မျိုးစုံဖြင့် အုပ်ချုပ်လာခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(နဝတ) ဟု အမည်ပေးထားသည့် စစ်ကောင်စီက ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီးကို ပစ်ခတ်နှိမ်နင်းပြီးနောက် တိုင်းပြည်ကို အိမ်စောင့်အစိုးရအဖြစ် အုပ်ချုပ်မည်ဟု ကြွေးကြော်ခဲ့သည်။ နဝတက တစ်ပါတီစနစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းခဲ့ပြီး၊ နိုင်ငံရေးပါတီများထူထောင်ခွင့်ပေးခဲ့သည်။ သို့သော်လည်း နိုင်ငံရေးပါတီမဟုတ်သည့် လွတ်လပ်သောအသင်းအပင်းများကိုမူ ဖွဲ့စည်းခွင့်မပြုခဲ့ပေ။ တိုင်းပြည်ကို မာရှယ်လောစစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်မည်ဟု ကြေညာခဲ့သည်။ အဓိကကျသော ဒီမိုကရေစီရေးလှုပ်ရှားသူများအား နိုင်ငံအနှံ့အပြားတွင် ဖမ်းဆီးခဲ့သည်။ ဒီမိုကရေစီကင်းမဲ့ပြီး ဖိနှိပ်ချုပ်ချယ်မှုပြင်းထန်သော ပတ်ဝန်းကျင်အခြေအနေအောက်တွင် စစ်အစိုးရက ရွေးကောက်ပွဲကို ကျင်းပပေးခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က စစ်တပ်၏ အခြေခံဒေသများအပါအဝင် မဲဆန္ဒနယ်အများစုတွင် အနိုင်ရရှိခဲ့သည်။ စစ်အုပ်စုကျောထောက်နောက်ခံပြုထားသည့် နိုင်ငံရေးပါတီက အကြီးအကျယ် ရှုံးနိမ့်ခဲ့၍ စစ်အုပ်စုအနေဖြင့် ထိပ်လန့်သွားခဲ့ရသည်။ ထို့ကြောင့် နံမည်ကျော် အမိန့်အမှတ်(၁/၉၀)ကို ထုတ်ပြန်ပြီး ရွေးကောက်ပွဲအနိုင်ရသူများထံ အာဏာလွှဲပြောင်းပေးရန် ငြင်းဆန်ခဲ့သည်။ သို့သော်လည်း အမိန့်(၁/၉၀)၏ စာပိုဒ်အမှတ်(၂၀)အရ ရွေးကောက်ခံပြည်သူ့ကိုယ်စားလှယ်များအား တိုင်းပြုပြည်ပြုလွှတ်တော်ကိုယ်စားလှယ်များအဖြစ် တိုင်းပြည်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေး အခွင့်

အာဏာရှိသည်ဟု အသိအမှတ်ပြုထားပေသည်။ ၁၉၉၃ ခုနှစ်တွင် စစ်အုပ်စုက အမျိုးသားညီလာခံကို စတင်ကျင်းပခဲ့ချိန်မှစ၍ ထိုကဲ့သို့ အသိအမှတ်ပြုမှု ပျက်ပြယ်သွားခဲ့ရသည်။ အမျိုးသားညီလာခံကိုယ်စားလှယ်စုစုပေါင်း (၇၀၂)ဦးအနက် (၁၄၇) ဦးသာ လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်များ ဖြစ်ကြပြီး၊ ကျန်ရှိသည့် (၅၀၅)ဦးမှာ စစ်အုပ်စုက စိတ်ကြိုက်ရွေးချယ်ထားသည့် ကိုယ်စားလှယ်များ ဖြစ်ကြသည်။ ၂၀၀၄ ခုနှစ်တွင် အမျိုးသားညီလာခံ ကျင်းပသည့်အခါ အခြေအနေများသည် ပို၍ ဆိုးဝါးလာခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၊ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (SNLD)ကဲ့သို့သော ရွေးကောက်ခံနိုင်ငံရေးပါတီကြီးများသည်ပင် ပါဝင်နိုင်ခြင်းမရှိတော့ပေ။

စစ်အစိုးရက တိုင်းပြည်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အုတ်မြစ်များအဖြစ် ကြိုတင်ပြင်ဆင်ထားသော လမ်းညွှန်မှုများနှင့် အခြေခံမူများကို ၎င်းညီလာခံမှတဆင့် အတည်ပြုရန် ကြိုးစားလာခဲ့သည်။ စစ်တပ်အတွက် အထူးအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း ထည့်သွင်းနိုင်ရန် ဖြစ်သည်။ ယင်းတို့အနက် အထင်ရှားဆုံးသော လမ်းညွှန်မှုမှာ အမျိုးသားနိုင်ငံရေးတွင် စစ်တပ်က ဦးဆောင်မည်ဆိုသည့် အချက်ပင် ဖြစ်သည်။ အခြေခံမူများအရ စစ်ရေးအတွေ့အကြုံရှိသူသာ သမတဖြစ်ပိုင်ခွင့်ရှိသည်။ အောက်လွှတ်တော်နှင့် အထက်လွှတ်တော်နှစ်ရပ်စလုံး၏ လေးပုံတစ်ပုံမှာ စစ်တပ်က ခန့်အပ်သော ကိုယ်စားလှယ်များ ဖြစ်ရမည် ဖြစ်ပြီး၊ ပြည်နယ်လွှတ်တော်နှင့် ဒေသဆိုင်ရာလွှတ်တော်များတွင် စစ်တပ်မှ စေလွှတ်သော ကိုယ်စားလှယ် သုံးပုံတစ်ပုံ ပါဝင်ရမည်။ ထို့မျှမက ပြည်သူ့ဝန်ထမ်းများ ခန့်အပ်ရာတွင်လည်း စစ်တပ်က သုံးပုံတစ်ပုံ ခန့်အပ်ခွင့်ရှိရမည် ဖြစ်သည်။

ရွေးကောက်ခံနိုင်ငံရေးပါတီများသည် ၁၉၉၃ မှ ၁၉၉၆ ခုနှစ်အတွင်း ကျင်းပခဲ့သော အမျိုးသားညီလာခံအစည်းအဝေးများတွင် ပါဝင်ခဲ့ပြီး၊ စစ်တပ်အားပေးအပ်မည့် အထူးအခွင့်အရေးများ၊ ညီလာခံလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရန် တစိုက်မတ်မတ် ကြိုးပမ်းခဲ့ကြသည်။ သို့သော် စစ်အစိုးရက

တုန့်ပြန်ခြင်း မပြုခဲ့ပေ။ သို့ဖြစ်၍ ၁၉၉၆ ခုနှစ်တွင် ရွေးကောက်ခံ အဓိကနိုင်ငံရေးပါတီဖြစ်သော NLD က အမျိုးသားညီလာခံမှ ထွက်လာခဲ့ပြီး၊ ညီလာခံလုပ်ငန်းစဉ်သည်လည်း ရပ်ဆိုင်းသွားခဲ့သည်။ ယင်းကာလအတွင်း စစ်အုပ်စုက လက်နက်ကိုင်လူမျိုးစုအဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များ ရရှိခဲ့ပြီး၊ ၎င်းအပစ်ရပ်အဖွဲ့များကို အမျိုးသားညီလာခံတွင် လေ့လာသူများအဖြစ် ဖိတ်ကြားခဲ့သည်။ အခြားတဖက်တွင်လည်း စစ်အစိုးရသည် ဒီမိုကရေစီအင်အားစုများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအား အပြုသဘောဆောင်သောလုပ်ရပ်များပြသ၍ ၎င်း၏စစ်အုပ်ချုပ်ရေး တရားဝင်မှုရစေရန် ကြိုးပမ်းခဲ့သည်။ ယင်းတို့မှာ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်မှ လွှတ်ပေးခြင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဆောင်ရွက်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးသံတမန်အား လာရောက်ခွင့်ပြုခြင်းတို့ဖြစ်သည်။ သို့သော်လည်း ၁၉၉၈ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်အား ထပ်မံ၍ နေအိမ်အကျယ်ချုပ်ချထားခဲ့ပြန်သည်။

သက္ကရာဇ် ၂၀၀၀ ခုနှစ် နှောင်းပိုင်းနှင့် ၂၀၀၁ ခုနှစ်အတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်အစိုးရတို့အကြား လျှို့ဝှက်ဆွေးနွေးမှုများ ဖြစ်ပေါ်ခဲ့ပြီး၊ ၂၀၀၂ ခုနှစ်တွင် သူမအား ပြန်လွှတ်ပေးခဲ့သည်။ NLD ရုံးများအားလည်း တဖြည်းဖြည်းပြန်ဖွင့်ခွင့်ပြုခဲ့သည်။ ထို့နောက် ၂၀၀၃ ခုနှစ်မေလတွင် အထက်မြန်မာနိုင်ငံစည်းရုံးရေးခရီးထွက်လာသော ဒေါ်အောင်ဆန်းစုကြည်နှင့် NLD စည်းရုံးရေးအဖွဲ့အားစစ်အစိုးရက အားပေးအားမြှောက်ပြုထားသော လူရမ်းကားတစ်စုက တိုက်ခိုက်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ ဖမ်းဆီးခံခဲ့ရပြီး၊ လူအများအပြားရာနှင့်ချီ၍ အသတ်ခံခဲ့ရသည်။ အချို့မှာ ပျောက်ဆုံးသွားခဲ့သည်။ နိုင်ငံတကာအသိုင်းအဝိုင်းက ပိတ်ဆို့ဒဏ်ခတ်အရေးယူမှုများ ပြုခဲ့ကြသည်။ ယင်းဖိအားများကို တုန့်ပြန်သည့်အနေဖြင့် စစ်အုပ်စုက စစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့ပြီး၊ ၎င်းက “ဒီမိုကရေစီပြောင်းလဲရေးလမ်းပြမြေပုံ” ဆိုသည်ကို အဆိုပြုတင်ပြခဲ့သည်။ ဗိုလ်ခင်ညွန့်၏အဆိုပြုချက်တွင် ဒီမိုကရေစီပွင့်လန်းနိုင်မည့်အခြေအနေသို့ ဦးတည်စေနိုင်သော တွေ့ဆုံဆွေးနွေး

ရေးလမ်းစဖြစ်ပေါ်လာရန် အခြေခံများ ရှိလိမ့်မည်ဟု မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူအချို့ အပါအဝင် အများအပြားက ယူဆခဲ့ကြသည်။ ထို့ကြောင့် အာဆီယံနှင့် အိမ်နီးချင်းတိုင်းပြည်များက ယင်းခြေလှမ်းကို ကြိုဆိုခဲ့ကြပြီး၊ အဆိုပါလုပ်ငန်းစဉ်အတွင်း သက်ဆိုင်သူများအားလုံးကို ပါဝင်ခွင့်ပြုရေးအတွက် စစ်အစိုးရကို ဆွဲဆောင်ခဲ့ကြသည်။ ၂၀၀၄ ခုနှစ်တွင် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပခဲ့သော်လည်း NLD နှင့် ရွေးကောက်ခံလူမျိုးစုနိုင်ငံရေးပါတီများ တက်ရောက်ခွင့် မရခဲ့ပေ။

ထိုကာလ၌ စစ်အုပ်စုအတွင်း ပဋိပက္ခများ ထွက်ပေါ်လာခဲ့သည်။ ပထမဦးစွာ မြန်မာနိုင်ငံ၌ စစ်အာဏာရှင်စနစ် ထူထောင်ခဲ့သူ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ၎င်း၏မိသားစုဝင်များ ဖမ်းဆီးထိန်းသိမ်းခံကြရသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် စစ်ထောက်လှမ်းရေးအကြီးအကဲဖြစ်သူ ခင်ညွန့်နှင့် စစ်ထောက်လှမ်းရေးအရာရှိများ ရာနှင့်ချီ၍ အဖမ်းခံကြရသည်။ စစ်ကောင်စီအကြီးအကဲ ဗိုလ်ချုပ်ကြီးသန်းရွှေက ဝန်ကြီးချုပ်အသစ်ကို ခန့်အပ်ခဲ့သည်။ ဝန်ကြီးချုပ်အသစ်နှင့် စစ်အုပ်စုက "စည်းကမ်းပြည့်ဝသောဒီမိုကရေစီပြောင်းလဲရေး လမ်းပြမြေပုံ" ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု ဆိုခဲ့သည်။ သို့သော် NLD ခေါင်းဆောင်များကို လုံးဝ ချန်လှပ်ထားပြီး၊ အဆိုပါလုပ်ငန်းစဉ်မှာလည်း ရပ်တန့်နေလျှက်ရှိသည်။

၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံသည် အာဆီယံဥက္ကဌတာဝန်ယူရန် အလှည့်ကျလာခဲ့သည်။ မလေးရှား၊ စင်ကာပူနှင့် ဖိလစ်ပိုင်နိုင်ငံတို့က မြန်မာနိုင်ငံအား အာဆီယံဥက္ကဌအဖြစ် လက်ခံခြင်းမပြုမီ မြန်မာနိုင်ငံ၌ အပြောင်းအလဲများ ပြုလုပ်ရမည်ဟု တောင်းဆိုခဲ့ကြသည်။ "အာဆီယံအနေဖြင့် မြန်မာစစ်အစိုးရကြောင့် အချိန်ကာလကြာမြင့်စွာပင် သိက္ခာမဲ့ခဲ့ရပြီး၊ [မြန်မာနိုင်ငံအား] လာမည့်နှစ်တွင် ဥက္ကဌတာဝန်ယူခွင့်ပြုပါက အခြေအနေမှာ ပို၍ပင်ဆိုးဝါးလာလိမ့်မည်"ဟု မြန်မာ့အရေး အာဆီယံလွှတ်တော်အမတ်များအဖွဲ့ခေါင်းဆောင် 'ဇာရစ် အီဘရာဟင်' က ပြောခဲ့သည်။ ဥရောပသမဂ္ဂ(အီးယူ)နှင့် ဩစတြေးလျအပါအဝင် အခြားတိုင်း

ပြည်များကလည်း ၎င်းတို့၏ စိုးရိမ်မှုများကို ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ အာဆီယံ အသင်းဝင်နိုင်ငံများနှင့် နိုင်ငံတကာ၏ ဖိအားများကြောင့် ၂၀၀၅ ခုနှစ် နှစ်လယ်တွင် မြန်မာအစိုးရက အာဆီယံဥက္ကဋ္ဌတာဝန်ကို ယူမည်မဟုတ်ကြောင်း အာဆီယံ အသင်းဝင်နိုင်ငံများကို ပြောကြားခဲ့ရသည်။ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရန်၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအရှိန်မြှင့်ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံပြည်တွင်းရေး အခြေအနေကိုလေ့လာမည့် ကိုယ်စားလှယ်အဖွဲ့လာရောက်ရေးကို ခွင့်ပြုရန် ၂၀၀၅ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပသော အာဆီယံထိပ်သီးအစည်းအဝေးကာလ အတွင်း အာဆီယံ၏ တောင်းဆိုချက်များမှာ ယင်းကာလ၏ အားရဖွယ် ဖြစ်ထွန်းမှု များ ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုကလည်း စစ်အစိုးရအား မင်းဆိုးမင်းညစ် **(Outpost of Tyranny)** အဖြစ် အမည်တပ်ခဲ့သည်။ ပို၍ထင်ရှားလာသည်မှာ မြန်မာနိုင်ငံတွင် အပြောင်းအလဲများ ဖြစ်ပေါ်လာရေးအတွက် အမေရိကန်၏ ကြိုးပမ်းချက်များသည် ၂၀၀၅ ခုနှစ်ကထက် ပို၍ လက်တွေ့ကျလာခဲ့ခြင်း ဖြစ်သည်။ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ(၁၆)ရက်နေ့၌ သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် မြန်မာ နိုင်ငံအခြေအနေနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆွေးနွေးခဲ့ကြ သည်။ ယင်းသို့ နိုင်ငံတကာဖိအားများ ကြီးမားလာသော်လည်း ပြည်တွင်း၌မူ ပြောင်းလဲမှု အများအပြား မရှိခဲ့ပေ။ နိုင်ငံရေးအရဆိုရလျှင် စစ်အစိုးရအနေဖြင့် အပစ်ရပ်အဖွဲ့များအား လက်နက်ဖြုတ်ရေးနှင့် ဥပဒေဘောင်အတွင်းဝင်ရေးကို ဆွဲ ဆောင်နိုင်ခြင်း မရှိသေးပေ။ ရွေးကောက်ခံ NLD နှင့် လူမျိုးစုနိုင်ငံရေးပါတီများမှာ စစ်အစိုးရ၏ နိုင်ငံရေးလုပ်ငန်းစဉ် ပြင်ပတွင် ရှိနေဆဲဖြစ်သည်။ စစ်အစိုးရသည် လမ်းပြမြေပုံ၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကိုလည်း အဆုံးသတ် နိုင်ခြင်း မရှိသေးပေ။ မည်သို့ပင်ဆိုစေ စစ်အစိုးရသည် အဓိကအခရာကျသူများ နှင့် နိုင်ငံတကာ၏ စိုးရိမ်မှုများကို လှစ်လျူရှုလျက် အာဏာကို ဆုပ်ကိုင်ထားနိုင်ရေး ၎င်း၏ ကြိုးပမ်းအားထုတ်မှုများကို ခေါင်းမာစွာဖြင့် ဆက်လက်လုပ်ဆောင်နေ သည်မှာ သိသာထင်ရှားနေပါသည်။

## ပြုပြင်ပြောင်းလဲမှုကို ခုခံခဲ့သော ချီလီစစ်အုပ်စု (၁၉၇၃–၁၉၉၀)

၁၉၇၃ ခုနှစ်တွင် ချီလီနိုင်ငံ၌ လက်နက်ကိုင်တပ်ဖွဲ့များနှင့် ရဲတပ်ဖွဲ့ကို ကိုယ်စားပြုလျှက် စစ်အစိုးရ အာဏာရလာခဲ့သည်။ အာဏာသိမ်းစစ်အစိုးရက အတိုက်အခံများနှင့် နိုင်ငံရေးလှုပ်ရှားမှုများကို ရက်ရက်စက်စက် ဖိနှိပ်ချေမှုန်းခဲ့သည်။ နိုင်ငံတော်အုပ်ချုပ်ရေးအာဏာအလုံးစုံမှာ ဗိုလ်ချုပ်ကြီးပီနိုချေး၏ ထိန်းချုပ်မှုလက်အောက်သို့ ရောက်ခဲ့သည်။ ထို့နောက် စစ်အစိုးရက "အစောင့်အရှောက်ခံ ဒီမိုကရေစီ" ဟုခေါ်သည့် အာဏာပိုင်အုပ်စိုးမှုအခြေခံမူများအပေါ် အခြေပြုသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတစ်ရပ်ရေးဆွဲရန် ဥပဒေကျွမ်းကျင်သူများ ပါဝင်သော ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲခဲ့သည်။ ယင်းတွင် စစ်တပ်ကို အထူးအခွင့်အရေးပေးသော အချက်များ ထည့်သွင်းထားခဲ့သည်။ စစ်တပ်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော အမျိုးသားလုံခြုံရေးကောင်စီကို အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများအား ကြီးကြပ်နိုင်သည့် အခွင့်အာဏာအပ်နှင်းထားသည်။ သမတတွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ စစ်သေနာပတိချုပ်ကို ခန့်အပ်ဖယ်ရှားနိုင်သည့် အခွင့်အာဏာ မရှိပေ။ ထို့အတူ စစ်တပ်အား ၎င်း၏ ဘတ်ဂျက်လျာထား ဆုံးဖြတ်ပိုင်ခွင့်ပြုထားပြီး၊ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာများတွင် လက်နက်ကိုင်တပ်များ၏ ပါဝင်ပတ်သက်ခွင့်ကို အာမခံပေးထားခဲ့သည်။ လက်နက်ကိုင်တပ်ဖွဲ့ဝင်များအား ဥပဒေအရ အရေးယူခြင်းကို အကာအကွယ်ပြုသည့် လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေကိုလည်း ပြဋ္ဌာန်းခဲ့သည်။ ထို့အပြင် ၎င်းတို့၏ အုပ်စိုးမှုကို ဆက်လက်တည်မြဲစေရေး ပြင်ဆင်သည့်အနေဖြင့် ရှစ်နှစ်သက်တမ်းအပြီးတွင် ဆန္ဒခံယူပွဲကျင်းပရန် ဥပဒေတစ်ရပ်ကိုလည်း ပြဋ္ဌာန်းခဲ့သည်။ စစ်အာဏာရှင်အုပ်စိုးမှုကို အဆောက်အအုံတစ်ရပ်အဖြစ်တည်မြဲစေမည့် ၎င်းဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဒီမိုကရေစီအင်အားစုများက အပြင်းအထန် ကန့်ကွက်နေသည့်ကြားမှပင် ၁၉၈၀ ခုနှစ်၌ အတည်ပြုခဲ့သည်။ လက်ယာစွန်းအင်အားစုများ၏ ထောက်ခံမှုရရှိသည့်အပြင် ရက်ရက်စက်စက်ဖိနှိပ်မှုများ ကျင့်သုံးလျှက် ဗိုလ်ချုပ်ကြီး ပီနိုချေးသည် တိုင်းပြည်ကို အုပ်ချုပ်ခဲ့ပြီး၊ အချိန်ကာလတစ်ခုအထိ

စီးပွားရေးတိုးတက်မှုကို ဆောင်ကျဉ်းနိုင်ခဲ့သည်။ သို့သော် ၁၉၈၀ လွန်နှစ်များတွင် ပေါ်ပေါက်ခဲ့သော စီးပွားရေးအကျပ်အတည်းက ဗိုလ်ချုပ်ကြီးပီနိုချေးနှင့် ၎င်း၏ စစ်အစိုးရကို ဒုက္ခပင်လယ်ဝေစေခဲ့သည်။ အလုပ်သမားအများအပြား အလုပ်ပြုတ်ခဲ့ကြသည်။ ၁၉၈၃–၁၉၈၄ တွင် လူထုဆန္ဒပြမှုများက အာဏာသိမ်းစစ်အုပ်စုကို စိန်ခေါ်မှုများ ဖြစ်လာခဲ့သည်။ ယင်းသို့သော လူထုလှုပ်ရှားမှုများက နိုင်ငံရေးပါတီ ခေါင်းဆောင်များအကြား ဗိုလ်ချုပ်ကြီးပီနိုချေးအစိုးရအား ဒီမိုကရေစီပြောင်းလဲရေးကို တောင်းဆိုသည့် "အမျိုးသားသဘောတူညီချက်" National Accord ကို ရရှိစေခဲ့သည်။ ကက်သလစ်ကျောင်းတော်ကလည်း ၎င်းသဘောတူညီချက်ကို ထောက်ခံခဲ့သည်။ တချိန်တည်းတွင် လူထုလှုပ်ရှားမှုဖြင့် ဒီမိုကရေစီပြန်လည်ထူထောင်ရေးမှာ ဖြစ်နိုင်ဖွယ်မရှိဟု နိုင်ငံရေးခေါင်းဆောင်များက နားလည်ခဲ့ကြပြီး၊ ၎င်းတို့၏ ရည်မှန်းချက်အတွက် ၁၉၈၀ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဘောင်အတွင်းမှဆောင်ရွက်မည့် လက်တွေ့ကျသော မဟာဗျူဟာတစ်ရပ်ကို ရွေးချယ်ခဲ့ကြသည်။ ထို့ကြောင့် ဒီမိုကရေစီအင်အားစုများက ၁၉၈၈ ဆန္ဒခံယူပွဲကို ဆန့်ကျင်မှုမပြုခဲ့ကြပေ။ သို့သော် ကန့်ကွက်မဲထည့်ရေးလှုပ်ရှားမှုကို အောင်မြင်စွာ စည်းရုံးလှုံ့ဆော်နိုင်ခဲ့သည်။

စစ်အုပ်စုက ၎င်းတို့၏ ရှုံးနိမ့်မှုကို လက်ခံခဲ့သည်။ သို့သော် နိုင်ငံရေးတွင် ၎င်းတို့၏အခန်းကဏ္ဍကို ဆက်လက်တည်မြဲစေရေးအတွက် ပြင်ဆင်မှုများကို အထွေထွေရွေးကောက်ပွဲမတိုင်မီ စတင်လုပ်ဆောင်လာခဲ့သည်။ နိုင်ငံရေးအရ ကိုယ်ပိုင်လွတ်လပ်ခွင့်၊ လုပ်ငန်းကျွမ်းကျင်မှုနယ်ပယ်အရ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် အုပ်ချုပ်ရေး ဥပဒေပြုရေးကဏ္ဍများတွင် ပါဝင်ပတ်သက်ခွင့် စသည်တို့ကို အာမခံပြီး စစ်တပ်အား အထူးအခွင့်အရေးများပေးအပ်သည့် ဥပဒေများကို စစ်အစိုးရက ပြဋ္ဌာန်းခဲ့သည်။ စစ်တပ်ရေးရာများတွင် အရပ်ဘက်အုပ်ချုပ်ရေးက ပါဝင်ပတ်သက်ခွင့်မရှိသည့် ဥပဒေတစ်ရပ်ကိုလည်း ၁၉၈၉ ခုနှစ် အရပ်သားအစိုးရက အာဏာလွှဲပြောင်းယူခြင်း မပြုမီတွင် ပြဋ္ဌာန်းခဲ့သည်။ ၁၉၈၉ ခုနှစ် ဒီဇင်ဘာလတွင် စစ်အစိုးရက ရွေးကောက်ပွဲကျင်းပပေးခဲ့ပြီး၊ ဒီမိုကရေစီအင်အားစုများက အနိုင်ရရှိခဲ့ကြသည်။

ဤတစ်ကြိမ်တွင်လည်း စစ်အုပ်စုက ၎င်းတို့၏ အရှုံးကို အသိအမှတ်ပြု လက်ခံခဲ့သည်။

အရပ်သားအုပ်ချုပ်ရေး အခြေမကျမီ ဒီမိုကရေစီရေးလှုပ်ရှားမှုအနေဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်ပတ်သက်၍ စစ်တပ်နှင့်စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရေး ရှုပ်ထွေးခက်ခဲသော လုပ်ငန်းတာဝန်ကို ရင်ဆိုင်ခဲ့ရသည်။ စစ်အာဏာရှင်များနှင့် ဒီမိုကရေစီအင်အားစုခေါင်းဆောင်များအကြား စေ့စပ်ညှိနှိုင်းမှုများပြုလုပ်သည့် (၁၈)လတာကာလအတွင်း စစ်အုပ်စုက ၁၉၈၀ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား ပြင်ဆင်ချက် (၅၄)ခု ပြုလုပ်ခြင်းကို အတိုင်းအတာတစ်ခုအထိ လိုက်လျောခဲ့သည်။ မည်သို့ပင်ဆိုစေ လက်နက်ကိုင်တပ်များ၏ အုပ်ထိန်းသူအခန်းကဏ္ဍကို အစဉ်တည်မြဲစေသည့် အစိတ်အပိုင်းများစွာ ချီလီနိုင်ငံရေးစနစ်အတွင်း ကျန်ရှိနေလျှက်ရှိသည်။ ချီလီနိုင်ငံသည် ယင်းသို့သောအခြေခံဘောင်အတွင်း အမွေဆက်ခံရသော အရပ်သားအစိုးရအုပ်ချုပ်မှုသို့ ပြောင်းလဲလာခဲ့သည်။ ဤကဲ့သို့ စေ့စပ်ညှိနှိုင်းမှုဖြင့် ဆောင်ရွက်သော အသွင်ကူးပြောင်းရေးအစီအမံက ချီလီနိုင်ငံတွင် အစကနဦး၌ ဒီမိုကရေစီအုပ်ချုပ်ရေးဆိုသည့်ထက် ဒီမိုကရေစီနည်းအရ ရွေးကောက်ခံအစိုးရကို ဖြစ်ထွန်းလာစေခဲ့သည်။

## နိုင်းယှဉ်ဆန်းစစ်ခြင်း – ပြောင်းလဲရေးလုပ်ငန်းစဉ်အစပြုရေးအတွက် မြန်မာစစ်အုပ်စုအား ဖြောင်းဖျနားချနိုင်မည့် နည်းလမ်းရှာဖွေခြင်း

မြန်မာစစ်အုပ်စုနှင့် ချီလီစစ်အုပ်စု နှစ်ခုစလုံးပင် ၎င်းတို့၏အာဏာ ဆက်လက်တည်မြဲစေရေးကို သံဓိဋ္ဌာန်ချမှတ်ထားခဲ့ကြသည်။ သို့သော် ၁၉၉၀ ခုနှစ်တွင် ချီလီနိုင်ငံသည် အာဏာရှင်စနစ်အကြွင်းအကျန်များနှင့်အတူ ရွေးကောက်ခံအစိုးရ တစ်ရပ်အုပ်စိုးမှုအခြေအနေသို့ ပြောင်းလဲလာခဲ့သည်။

ချီလီရှိ နိုင်ငံရေးလုပ်သောစစ်အုပ်စုသည် နိုင်ငံရေးစနစ်အတွင်း စစ်တပ်၏ အထူးအခွင့်အရေးများအား ထိန်းသိမ်းထားနိုင်ရေးကို ကြိုးပမ်းခဲ့ကြသော်လည်း ဆန္ဒခံယူပွဲနှင့် ရွေးကောက်ပွဲများတွင် ၎င်းတို့၏ ရှုံးနိမ့်မှုများကို အသိအမှတ်ပြုလက်ခံခဲ့ကြသည်။ အရေးကြီးဆုံးသောအချက်မှာ စစ်အုပ်စုက အသွင်ကူးပြောင်းရေးအား စီမံရာတွင် ၎င်းတို့၏ အထူးအခွင့်အရေးများ အုပ်ထိန်းမှုအာဏာများနှင့်ပတ်သက်၍ ဒီမိုကရေစီအင်အားစုများနှင့် စေ့စပ်ညှိနှိုင်းခဲ့ခြင်း ဖြစ်သည်။ မြန်မာ့စစ်အုပ်စုမှာမူ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရသူများထံ အာဏာလွှဲပြောင်းပေးရေးကို ငြင်းဆန်နေခဲ့သည်။ ရွေးကောက်ခံနိုင်ငံရေးပါတီနှင့် အပေးအယူအလျှော့အတင်းပြုလုပ်ရန် ပြင်ဆင်မှုမပြုဘဲ ၎င်း၏ အာဏာအဆောက်အအုံတည်မြဲရေးကိုသာ အားထုတ်လျက်ရှိသည်။

အပြောင်းအလဲပြုလုပ်ရန် သို့မဟုတ် အပြောင်းအလဲလုပ်ရေးဆန့်ကျင်ရန် စစ်အုပ်စု၏ ဆန္ဒကို ပုံသွင်းနေသော အချက်အလက် အများအပြားရှိနိုင်သော်လည်း အောက်ပါအချက်များက အဓိကကျသည်ဟု ဆိုနိုင်ပါသည်။

ပထမအချက်အားဖြင့် ချီလီစစ်အုပ်စုအနေဖြင့် ဒီမိုကရေစီအင်အားစုများနှင့် စေ့စပ်ညှိနှိုင်းရေးကို ရှောင်လွှဲ၍ မရနိုင်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ဆန္ဒခံယူပွဲနှင့် ရွေးကောက်ပွဲနှစ်ရပ်စလုံးကို အာဏာရှင်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဘောင်အတွင်း ကျင်းပခဲ့သောကြောင့် ဖြစ်သည်။ ၁၉၈၀ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ စစ်တပ်၏ အထူးအခွင့်အရေးများနှင့် ၁၉၈၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော စစ်တပ်ဆိုင်ရာဥပဒေများက စစ်အုပ်စုအား ၎င်းတို့၏ အာဏာထိန်းချုပ်ရေးအပေါ် ယုံကြည်မှုကို ဖြစ်စေခဲ့သည်ဟု ဆိုနိုင်သည်။

စစ်တပ်ကို ကျောထောက်နောက်ခံပြုပေးထားသော ဒေါက်တိုင်များကလည်း အရေးပါသောအခန်းတွင် ရှိနေခဲ့သည်။ ၁၉၇၃ ခုနှစ် စစ်တပ်အာဏာမသိမ်းမီအချိန်ကတည်းကစ၍ ချီလီလူ့အဖွဲ့အစည်းမှာ နှစ်ခြမ်းကွဲနေခဲ့သည်။ လူ့အဖွဲ့အစည်း

၏ ထက်ဝက်နီးပါးမှာ ဗိုလ်ချုပ်ကြီးပီနိုချေးနှင့် စစ်တပ်အပေါ် စာနာနားလည်မှုရှိခဲ့ကြသည်။ ၁၉၈၈ ခုနှစ် ဆန္ဒခံယူပွဲတွင် စစ်တပ်က မဲဆန္ဒ (၅၄)-(၄၄)ရာခိုင်နှုန်းဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ၁၉၈၀ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် အခြားဥပဒေများက အာမခံထားသော စစ်တပ်၏ အထူးအခွင့်အရေးများနှင့် အုပ်ထိန်းခွင့်အာဏာများအပြင် ယင်းသို့သော တစုံတရာခိုင်မာသည့် ထောက်ခံမှုအခြေခံများက အတိုက်အခံများနှင့် စေ့စပ်ညှိနှိုင်းရေးလုပ်ရဲသည့် အသွင်ကူးပြောင်းရေးလုပ်ရဲသည့် စစ်အုပ်စုခေါင်းဆောင်များ၏ စိတ်ကို ပုံသွင်းစေနိုင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ အခြားသူများအနေဖြင့် စစ်တပ်က လိုက်လျောခြင်းဟူ၍ ထင်မြင်နိုင်သော်လည်း စစ်အုပ်စုအနေဖြင့် ၎င်းတို့ကသာ အာဏာကို အသုံးပြုနိုင်ပြီး၊ စေ့စပ်ညှိနှိုင်းရေးဖြစ်စဉ်ကို ဩဇာလွှမ်းမိုးနေသည်ဟူ၍ ယူဆခဲ့ကြသည်ဟု ဆိုနိုင်ပေလိမ့်မည်။

မြန်မာနိုင်ငံအခြေအနေတွင်မူ ရွေးကောက်ပွဲများကို မာရှယ်လောဥပဒေအောက်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ NLD က လွှတ်တော်နေရာ (၈၀)ရာခိုင်နှုန်းကျော်ကို အနိုင်ရရှိခဲ့သည်။ အကယ်၍သာ အာဏာလွှဲပြောင်းပေးခဲ့ပါမူ စစ်အာဏာရှင်များအနေဖြင့် ဥပဒေပြုရေးလုပ်ငန်းစဉ်တွင် ဩဇာလွှမ်းမိုးမှုပြုနိုင်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ၎င်းတို့က အမိန့်(၁/၉၀) ကို ထုတ်ပြန်၍ အမျိုးသားနိုင်ငံရေးတွင် စစ်တပ်က ဩဇာကြီးကြီးမားမား လွှမ်းမိုးခွင့်ပြုမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတစ်ရပ်ရေးဆွဲရေး အမျိုးသားညီလာခံသို့ နိုင်ငံရေးပါတီများအား အတင်းအကျပ်တက်ရောက်စေခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် ဒီမိုကရေစီရေးလှုပ်ရှားမှု၏ ခေါင်းဆောင်အများအပြားမှာ ၁၉၅၀လွန်နှစ်များအတွင်း မြန်မာစစ်တပ်ကို ခေတ်မီအောင် ဆောင်ကျဉ်းခဲ့သူများဖြစ်ကြသည်။ ၎င်းတို့မှာ တပ်မှူးဟောင်းများ၊ စစ်တပ်ဦးဆောင်မှုအစဉ်အလာ ရှိခဲ့သူများ ဖြစ်ကြသည့်အလျောက် လက်ရှိအစိုးရဗိုလ်ချုပ်များက အလေးပြုရမည့်သူများလည်း ဖြစ်ကြသည်။ ဤအခြေအနေက လက်ရှိစစ်တပ်ခေါင်းဆောင်များကို

သိမ်ငယ်စိတ်ဖြစ်စေပြီး၊ စေ့စပ်ညှိနှိုင်းခြင်းဖြင့် ၎င်းတို့၏ အာဏာတည်မြဲရေး လုပ်ဆောင်နိုင်လိမ့်မည်မဟုတ်ကြောင်း စိုးရိမ်မှုကို ဖြစ်စေပါသည်။

ထို့ထက်မကဆိုရလျှင် မြန်မာနိုင်ငံစစ်အုပ်စုတွင် အတိုက်အခံများ ပတ်လည်ဝိုင်းရံနေလျှက်ရှိသည်။ ၎င်းတို့စစ်တပ်၏ အရာရှိအရာခံတပ်သားများ အတွင်းမှာပင် ရှိနေသည်။ သို့ဖြစ်၍ မည်သို့သော စေ့စပ်ညှိနှိုင်းမှုမျိုးတွင်မဆို ချီလီစစ်အုပ်စုကဲ့သို့ တစုံတရာ အာဏာဆက်လက်ထိန်းထားနိုင်မည့်အခြေအနေ မရှိခြင်းအပေါ် စိုးရိမ်နေခြင်းဖြစ်သည်။

ချီလီနှင့် မြန်မာစစ်တပ် နှစ်ခုစလုံးပင် လူ့အခွင့်အရေးချိုးဖေါက်မှုများအတွက် နံမည်ဆိုးဖြင့် ကျော်ကြားကြသည်။ ချီလီစစ်အုပ်စုက ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့ဝင်များအား ဥပဒေအရ အရေးယူခြင်းမှ ကာကွယ်ရန် ၁၉၇၈ လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေကို ပြဌာန်းခဲ့သည်။ သို့သော် ယင်းဥပဒေက ဗိုလ်ချုပ်ကြီးပီနိုချေးနှင့် နောက်လိုက်များကို ဖမ်းဆီးအရေးယူခြင်းအား အကာအကွယ်မပြုနိုင်ခဲ့ပေ။ မြန်မာနိုင်ငံမှ ဗိုလ်ချုပ်များသည်လည်း ဤအချက်ကို သတိပြုမိမည်မှာ သေချာပေသည်။ အကယ်၍ ၎င်းတို့၏ အကြွင်းမဲ့အာဏာထိန်းချုပ်မှုကို အလျှော့ပေးပါက အလားတူတုန့်ပြန်မှုမျိုး ကြုံတွေ့ရမည်ကို စိုးရိမ်ပေလိမ့်မည်။

ချီလီစစ်အုပ်စုက အမျိုးသားသဘောတူညီချက်ကို ရရှိခဲ့သည့် ဒီမိုကရေစီရေးလှုပ်ရှားမှုကို အကွဲကွဲအပြားပြား ဖြစ်အောင် လုပ်နိုင်ခဲ့ခြင်းမရှိပေ။ သို့သော် လူမျိုးစုအလိုက် တကွဲတပြားစီဖြစ်နေသော တိုင်းပြည်တွင် မြန်မာစစ်အုပ်စုက ကိုလိုနီခေတ်ကာလကတည်းက ကျင့်သုံးခဲ့သော သွေးခွဲအုပ်ချုပ်ရေးမဟာဗျူဟာကို ဆက်လက်ကျင့်သုံးနေလျှက်ရှိသည်။ မြန်မာစစ်တပ်သည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ပြုလုပ်နိုင်ခဲ့ပြီး၊ NLD ကို အထီးကျန်ဖြစ်စေရေးအတွက် အပစ်ရပ်အဖွဲ့များကို အမျိုးသားညီလာခံတက်ရောက်စေရန် စွမ်းဆောင်နိုင်ခဲ့သည်။

ချီလီအတိုက်အခံများက ပကတိလက်တွေ့ကျသောနည်းလမ်းကို ကျင့်သုံးခဲ့သည်။ ဆန္ဒခံယူပွဲကို ဆန့်ကျင်ခြင်းမပြုဘဲ အာဏာရှင်များချမှတ်ထားသည့် စည်းဘောင်အတွင်းမှနေ၍ အာဏာကို ယှဉ်ပြိုင်ခဲ့သည်။ ၎င်းနည်းလမ်းက အစိုးရ၏ အစပျိုးလုပ်ငန်းစဉ်ကို တရားဝင်မှုဖြစ်အောင် အထောက်အကူပြုခဲ့ပြီး၊ အစိုးရအား ဒီမိုကရေစီအင်အားစုများနှင့် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရေးကို ရှောင်လွှဲ၍ မရနိုင်သည့် အခြေအနေသို့ တွန်းပို့ခဲ့သည်။ မြန်မာနိုင်ငံတွင် အစိုးရက စည်းဘောင်တစ်ခု ချမှတ်ထားခြင်း မရှိသေးပေ။ လက်ရှိကျင်းပဆဲ အမျိုးသားညီလာခံဟူသည့် အခြေခံသာ ရှိနေသည်။ ဒီမိုကရေစီရေးလှုပ်ရှားမှုက စစ်အစိုးရအား အမျိုးသားညီလာခံ လုပ်ထုံးလုပ်နည်းများ၊ စစ်တပ်အတွက် အထူးအခွင့်အရေးများနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ အခြေခံမူများနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရန် အစဉ်တစိုက် တောင်းဆိုနေခဲ့သည်။ NLD အနေဖြင့် စစ်အစိုးရအား ဆွဲဆောင်နားချနိုင်ရန် လက်တွေ့ကျသော အဆိုပြုချက်ကို တင်ပြသင့်သည်ဟု အချို့က ပြောဆိုနေကြသည်။

ချီလီစစ်အုပ်စုအတွင်း ပီနိုချေး၏ နောက်ဆုံးဝန်ကြီးအဖွဲ့၌ ပြည်ထဲရေးဝန်ကြီးဖြစ်သူ 'ဖာနန်ဒက်ဇ်'ကဲ့သို့သော အခရာကျသည့် ပျော့ပြောင်းသူများ ရှိကြသည်။ 'ဖာနန်ဒက်ဇ်' မှာ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရာတွင် အရေးပါသောအခန်းက ပါဝင်ခဲ့သူဖြစ်သည်။ လက်နက်ကိုင်တပ်များ၏ ညီညွတ်ရေးနှင့် စစ်စည်းကမ်းတို့ကလည်း ချီလီလေတပ်ဦးစီးမှူး 'ဗိုလ်ချုပ်ကြီးမက်သီး'၏ လုပ်ရပ်ကို တားဆီးနိုင်စွမ်း မရှိခဲ့ပေ။ ဆန္ဒခံယူပွဲပြုလုပ်သည့်ညတွင် 'ဗိုလ်ချုပ်ကြီးမက်သီး' သည် 'မိုနီဒါ'သမတအိမ်တော်သို့သွား၍ "စနက်တံ ဆွဲဖြုတ်"ပြီး 'ပီနိုချေး'အား ရှုံးနိမ့်မှုကို ဝန်ခံစေခဲ့သည်။ မြန်မာနိုင်ငံတွင်မူ မည်သူက "အလယ်အလတ်ကျ ပျော့ပြောင်းသူ" ဖြစ်မည်နည်းဟု တွက်ဆရန် အလွန်ပင် ခက်ခဲနေဆဲဖြစ်သည်။ စစ်ကောင်စီအကြီးအကဲဖြစ်သူက စစ်တပ်အား တင်းတင်းကြပ်ကြပ် ချုပ်ကိုင်ထားနိုင်သည်။ မည်သို့ပင်ဆိုစေ ဝန်ကြီးချုပ်နှင့် စစ်ထောက်လှမ်းရေးအကြီးအကဲဖြစ်သူအား ဖမ်းဆီးထိန်းသိမ်းလိုက်မှုနောက်ပိုင်းတွင် စစ်တပ်အတွင်း မညီညွတ်မှုနှင့် အာဏာလွန်ဆွဲမှုများ ရှိနေသည်မှာ ထင်ရှားနေပေသည်။

စီးပွားရေးကလည်း သြဇာသက်ရောက်နေသော အချက်တစ်ခု ဖြစ်သည်။ ချီလီ၏ ဈေးကွက်အခြေပြုဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်း ဆက်လက်တည်မြဲစေရေးနှင့် ဆိုရှယ်လစ်ဝါဒပြန်လည်ပေါ်ထွန်းလာခြင်း မရှိစေရေး အခြေခံအောက်တွင် အပြောင်းအလဲများ ဖြစ်လာခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာစီးပွားရေးစနစ်ပြင်ပတွင် ကိုယ့်ဖာသာကိုယ် အထီးကျန်နေခဲ့သည်မှာ ၁၉၆၀ လွန်နှစ်များကတည်းကပင် ဖြစ်သည်။ ဖွံ့ဖြိုးမှုနောက်ကျနေသော နိုင်ငံတစ်ခုဖြစ်သည်။ တိုင်းပြည်တွင် စီးပွားရေးလွတ်လပ်ခွင့်ပြုခြင်း မရှိသေးသဖြင့် အပြည့်အဝဖွံ့ဖြိုးနေသော အရင်းရှင်လူတန်းစားဟူ၍ မရှိသေးပေ။ မြန်မာနိုင်ငံတွင် လူလတ်တန်းစားတစ်ရပ်ရှိသည်ဟူ၍ပင် ပြောရန် ခက်ခဲပေသည်။

အခြားအချက်တစ်ခုမှာ နိုင်ငံတကာဆိုင်ရာအချက်ဖြစ်သည်။ အထူးသဖြင့် ချီလီအာဏာသိမ်းအစိုးရအပေါ် 'ရေဂင်'အစိုးရ၏ ဖိအားဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံတကာအသိုင်းအဝိုင်း၏ ဖိအားပေးမှုများရှိနေသည်။ အထူးသဖြင့် အမေရိကန်နှင့် ဥရောပသမဂ္ဂ(အီးယူ)တို့ထံမှ ဖြစ်သည်။ သို့သော် ဒေသတွင်းနိုင်ငံများ၊ အာဆီယံ၏ ရပ်တည်ချက်၊ တရုတ်နှင့် အိန္ဒိယတို့က စစ်အစိုးရရှင်သန်ရေးကို အထောက်အကူပြုနေဟန်ရှိသည်။ မကြာသေးမီကာလအတွင်း အာဆီယံက မြန်မာနိုင်ငံနှင့်ပတ်သက်၍ ၎င်း၏ အစဉ်အလာ "ဝင်မစွက်ရေး" ပေါ်လစီမှ လမ်းကြောင်းပြောင်းလာခြင်းသည် စိတ်ဝင်စားဖွယ် တူရှုချက်တစ်ရပ် ဖြစ်သည်။

နောက်ဆုံးအချက်ဖြစ်သကဲ့သို့ အရေးကြီးဆုံးလည်း ဖြစ်သည့်အချက်မှာ ချီလီနိုင်ငံတွင် ဒီမိုကရေစီပွင့်လန်းလာရေး ဖိအားပေးမှုများကို ဖိနှိပ်အုပ်ချုပ်ရေးနည်းလမ်းဖြင့် ထိန်းချုပ်ထားခြင်းငှာ ဆက်လက်၍ မစွမ်းနိုင်ကြောင်း အုပ်စိုးသူလူတန်းစားက သိမြင်လာသည့်အခါ လက်ဦးမှုယူ၍ ဒီမိုကရေစီပြောင်းလဲရေးလုပ်ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် စစ်ဗိုလ်ချုပ်များသည် ဖိအားပေးမှုများကို ထိန်းချုပ်ထားရန် ၎င်းတို့၏ စွမ်းပကားကို ပို၍ တွက်ဆထားပုံရသည်။

## နိဂုံး – မြန်မာနိုင်ငံသည် ချီလီပုံစံအတိုင်း ဖြစ်နိုင်ပါမည်လော

မြန်မာ့ဒီမိုကရေစီရေးအင်အားစုခေါင်းဆောင်များက စစ်အစိုးရ၏ လမ်းညွှန်မှုများနှင့် အခြေခံမှုများကို လုံးဝဥဿုံ ပယ်ချနေခြင်း မရှိပေ။ ၎င်းတို့အနေဖြင့် အချိုးမညီဖယ်ဒရယ်ပုံစံ (Asymmetrical Federal Form)နှင့် သမတစနစ်တို့ ကဲ့သို့သော သော့ချက်ကျသည့် အချက်များကို လက်ခံနိုင်ဖွယ် ရှိသည်။ သို့သော် အနာဂါတ်နိုင်ငံရေးတွင် စစ်တပ်၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ စေ့စပ်ဆွေးနွေးရန် တောင်းဆိုနေခဲ့ကြသည်။

အကယ်၍ ချီလီ၏ ၁၉၈၈ ဆန္ဒခံယူပွဲနှင့် ၁၉၈၉ ရွေးကောက်ပွဲများကဲ့သို့ အာဏာရှင်များချမှတ်သည့် စည်းဘောင်အတွင်း အာဏာကို ယှဉ်ပြိုင်နိုင်မည့် လမ်းစပွင့်မည်ဆိုပါလျှင် လက်ရှိကာလ၌ မြန်မာနိုင်ငံရှိ ဒီမိုကရက်များနှင့် လူမျိုးစုခေါင်းဆောင်များအနေဖြင့် ချီလီ၏ နမူနာအတိုင်း ဆောင်ရွက်လိုသည့် ဆန္ဒရှိနိုင်ပေသည်။ မြန်မာစစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၎င်း၏ သင်ပုန်းချေရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးပေါ်လစီကို ၁၉၉၀ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး၊ မကြာသေးခင်ကာလကလည်း စစ်တပ်၏ အခန်းကဏ္ဍကို အသိအမှတ်ပြုကြောင်း ရှင်းလင်းစွာ ဖော်ပြခဲ့သည်။ "စစ်တပ်ဟာ ပြည်သူလူထုနှင့်တိုင်းပြည်၏ အကျိုးစီပွားကို ကာကွယ်ရန် အကောင်းဆုံးစွမ်းဆောင်နိုင်သည့် အလုပ်ဖြစ်၍ ဂုဏ်ယူရမှာ ဖြစ်ကြောင်း" နှင့် "အင်အားစုအသီးသီးတွင် အထူးအခန်းကဏ္ဍကိုယ်စီရှိကြကြောင်း" ဖြင့် ဒေါ်အောင်ဆန်းစုကြည်က အမြဲပင် ပြောကြားခဲ့သည်။ ထို့ကြောင့် အကယ်၍သာ စစ်အုပ်စုက ၎င်းတို့၏ နိုင်ငံရေးရပ်တည်ချက်ကို အပေးအယူအလျှော့အတင်းပြုရန် စေ့စပ်ညှိနှိုင်းရန် အဆင်သင့်ရှိမည်ဆိုပါမူ လူမျိုးစုများအပါအဝင် ဒီမိုကရေစီအင်အားစုများအနေဖြင့် ချီလီအတိုက်အခံတို့၏ လမ်းကြောင်းအတိုင်း လျှောက်လှမ်း၍ စစ်အစိုးရ၏ စည်းဘောင်အတွင်း လုပ်ဆောင်ရန် အဆင်သင့်ရှိနေနိုင်သည်ဟု ယခုစာတမ်းက ယူဆထားပါသည်။ မြန်မာစစ်အုပ်စုအနေဖြင့် ဒီမိုကရေစီပွင့်လန်းလာရေး ဖိအားပေးမှု

များကို ၎င်းတို့၏ ဖိနှိပ်အုပ်ချုပ်ရေးနည်းလမ်းဖြင့် ထိန်းချုပ်ထားခြင်းငှာ ဆက်လက်၍ မစွမ်းနိုင်ကြောင်း သဘောပေါက်လက်ခံလာရေးမှာ လိုအပ်နေဆဲဖြစ်သည်။

*__အောင်မိုးဇော်__ သည် မြန်မာနိုင်ငံ နိုင်ငံရေးပါတီတခုဖြစ်သည့် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၏ ဥက္ကဋ္ဌဖြစ်သည်။ လက်ရှိတွင် ၎င်းသည် ပြည်ထောင်စုမြန်မာ နိုင်ငံအမျိုးသားကောင်စီ NCUB ၏ အတွင်းရေးမှူးအဖွဲ့ဝင်တစ်ဦးအဖြစ် ဆောင်ရွက် နေပြီး ၂၀၀၂–၂၀၀၄ ခုတွင် NCUB ၏ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။*

## BIBLIOGRAPHY


Aung Moe Zaw (2003) "Revisiting National Convention" in *The Irrawaddy Magazine* (Online edition).

Luckham R (1996) "Crafting Democratic Control over the military: A Comparative Analysis of South Korea, Chile, and Ghana" in *Democratization* (Vol. 3 No. 3, Autumn)

Silva P (2003) "Between Autonomy and subordination: Government-Military Relation in Post-Authoritarian Chile" in *Governing insecurity: democratic control of military and security establishments in transitional democracies*, Zed Books, London.

Silverstein J (2004) "Burma Struggle for Democracy: the army against the people" in *The Military and Democracy in Asia and the Pacific*, ANU Press, Australia.

Victor Barbara Victor (2002) *The Lady: Aung San Suu Kyi, Noble Laureate and Burma's prisoner,* Faber and Faber, Boston.

Wilde A (1999) *Irruption of Memory: Expressive Politics in Chile's Transition to Democracy*, Cambridge University Press, Cambridge.

www.irrawaddy.org

www.myanmar.com

# မြန်မာနိုင်ငံတော်သစ်တည်ဆောက်ရေး အဆောက်အအုံဆိုင်ရာ အမြင်သဘောထားအခြေခံ– အစဉ်တည်တံ့မည့်ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေပြန်လည်စိုးမိုးရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အခွင့်အလမ်းများနှင့် အခက်အခဲအဟန့်အတားများ

**မစ်ခေးလ် စမူဂါဇဝီစကီး (Michal Smugarzewski)**

*"မြန်မာနိုင်ငံ၏ ကိုယ်ပိုင်ပြဿနာန်းခွင့် အကျပ်အတည်းပြဿနာ ဖြေရှင်းရေးအတွက် နည်းလမ်းရှိမည်ဆိုပါက အလွန်တရာပင် ရှုပ်ထွေးနက်နဲမည် ဖြစ်ပြီး၊ သိမ်မွေ့ပျော့ပြောင်းမှု၊ အပေးအယူရှိမှုနှင့် ဆန္ဒမွန်ရှိမှုတို့ လိုအပ်ပေလိမ့်မည်။"*

(ချောင်စန်းညောင်ရွှေ – ၂၀၀၁ ခုနှစ်၊ စာ ၁၅)

**အကျဉ်းချုပ်**

ဤပေါ်လစီစာတမ်း၏ ဦးတည်ချက်သည် မြန်မာနိုင်ငံ၌ အစဉ်တည်တံ့မည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားနိုင်ငံတော်တည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာ ဆောင်ရွက်ရေး မဟာဗျူဟာကို တင်ပြရန် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပဋိပက္ခ ဖြေရှင်းရေးကို

မူရင်း

**Smugarzewski, Michal. "Conceptual Framework for the New Institutional Design in Burma: Opportunities and Obstacles for the Sustainable Peace-Building, Restoration of Law and Order, and Transition to Democracy",** ***Journal of Democracy Exploration,*** **No. 1, Janauary 2006.**

စိတ်ဝင်စားသူတိုင်းအတွက် လက်တွေ့ကျသော လုပ်ငန်းလမ်းညွှန်တစ်ရပ်အဖြစ် ဤစာတမ်းကို မှတ်ယူသင့်ပါသည်။ ဤစာတမ်းမှာ အာရှတိုက်တွင် စစ်အစိုးရ အုပ်စိုးမှု သက်တမ်းအရှည်ဆုံးဖြစ်နေသော မြန်မာနိုင်ငံ၏ အနာဂါတ်၌ ကောင်းမွန်သောအုပ်ချုပ်ရေး မဟာဗျူဟာအတွက် ဖြစ်နိုင်ခြေလမ်းစများကို ဖေါ်ထုတ်ရေးသာမက၊ ဦးစားပေးအစီအစဉ်များ ချမှတ်ရေးဆွဲရန်အတွက်လည်း ရည်ရွယ်ပါသည်။

ပဋိပက္ခတွင်ပါဝင်နေသော အုပ်စုများအကြား ညှိနှိုင်းဆွေးနွေးရန်နှင့် အပေးအယူအလျှော့အတင်းလုပ်ရန် လိုအပ်နေသည်မှာ ထင်ရှားနေကြောင်း တင်ပြလိုပါသည်။ ဤစာတမ်းတွင် လူမျိုးစုအရခွဲခြားသည့်နိုင်ငံရေးစနစ်ကို ရှောင်ရှားရန် ဆုံးဖြတ်ပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်အာဏာ ခွဲဝေအပ်နှင်းထားသော ဒေသန္တရအစိုးရများဖြင့် ဖွဲ့စည်းထားသည့် ဖယ်ဒရယ်အုပ်ချုပ်ရေးစနစ်ကို အခြေခံ၍ မြန်မာနိုင်ငံ၌ ပို၍ ဒီမိုကရေစီကျသော အမျိုးသားနိုင်ငံတော်အဆောက်အအုံများ ဖွဲ့စည်းတည်ဆောက်ရေးကို အဓိကထား ဆွေးနွေးတင်ပြမည် ဖြစ်သည်။ ရှုပ်ထွေးနက်နဲသော အဆောက်အအုံများနှင့် အမျိုးမျိုးအဖုံဖုံသော ဇာတ်ကောင်များကြောင့် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ခိုင်မြဲရေးရည်ရွယ်ချက် အကောင်အထည်ပေါ် ပြီးမြောက်စေရန်အလို့ငှာ မြန်မာနိုင်ငံ၏ ပဋိပက္ခလွန်ကာလပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ပြင်ပအင်အားစုများ၏ ပါဝင်ပတ်သက်မှုကို အလေးထားသည်ထက် ပြည်သူလူထုအခြေပြုချဉ်းကပ်မှုနှင့် ထက်အောက်ဒေါင်လိုက် ချဉ်းကပ်မှုပုံစံ နှစ်ခုစလုံးကို အလေးထားရမည်ဖြစ်ပါသည်။

ထို့အပြင် အောက်ဖေါ်ပြပါ ပေါ်လစီအကြံပြုချက်များသည် သက်ဆိုင်ရာနိုင်ငံ[မြန်မာနိုင်ငံ]အတွက်သာဖြစ်ပြီး၊ အခြားနိုင်ငံများ၏ ပဋိပက္ခလွန်ကာလ ပြန်လည်ထူထောင်ရေးများအတွက် ရေးဆွဲဖေါ်ထုတ်ထားခြင်း မဟုတ်ကြောင်း တင်ပြလိုပါသည်။

## နိဒါန်း

နှစ်ပေါင်း (၅၀)ကြာ စစ်တပ်က လွှမ်းမိုးချုပ်ကိုင်ထားသော မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေမှာ ပဋိပက္ခဖြေရှင်းရေးအတွက် အလုံးစုံလွှမ်းခြုံပြီး ထိရောက်သည့် ပြုပြင်ပြောင်းလဲရေးများ ဖြစ်ပေါ်မည့် အခြေအနေမျိုး မဟုတ်ပေ။ သို့သော် မကြာမီက ပိုမိုကျယ်ပြန့်သည့် ဒီမိုကရေစီအုပ်ချုပ်ရေးပုံစံသို့ ဦးတည်နေသော ဖြစ်ပေါ်တိုးတက်မှုလက္ခဏာများ ရှိလာခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ပြည်တွင်းနိုင်ငံရေးအခင်းအကျင်းနှင့် နိုင်ငံတော်သစ်တည်ဆောက်ရေး အဆောက်အအုံဆိုင်ရာဖွဲ့စည်းပုံ အပြောင်းအလဲများအတွက် ပြင်ဆင်ရေးမှာ အရေးကြီးပေသည်။

မြန်မာနိုင်ငံအတွက် ပုံစံသစ်ဖေါ်ထုတ်ရေးလုပ်ငန်းစဉ်တွင် အရေးကြီးသည့် အချက်မှာ ပဋိပက္ခတိုးတက်ဖြစ်ထွန်းမှု၏ ကြောင်းချင်းရာများအား သိမြင်နားလည်ရန်၊ ပြုပြင်ပြောင်းလဲရေးလိုလားသူများ ဆန့်ကျင်သူများအပါအဝင် အဓိကအခရာကျသူများ၏ အမြင်များနှင့် အကျိုးစီးပွားများကို သိရှိနားလည်ထားရန် ဖြစ်သည်။

သန်းပေါင်းများစွာသော မြန်မာနိုင်ငံသားများ ကြုံတွေ့ခံစားနေရသည့် အခြေအနေဆိုးများမှ လွတ်မြောက်စေရန် နိုင်ငံရေးနှင့် အဆောက်အအုံအသွင်ပြောင်းလဲခြင်း အပါအဝင် နိုင်ငံတော်၏ အခြေခံပြုပြင်ပြောင်းလဲမှုများကို မလွဲမသွေ လုပ်ဆောင်ရမည်ဖြစ်သည်။ ယခုတင်ပြထားသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများမှာ အကောင်အထည်ဖေါ်နိုင်မည့် လုပ်ငန်းစဉ်များဖြစ်သည်။ ၎င်းတို့မှာ –

- ရေရှည်တည်တံ့မည့်ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်
- တိုင်းပြည်၏ လူမျိုးပေါင်းစုံတည်ရှိနေမှုကို အသိအမှတ်ပြုပြီး၊ ကျယ်ပြန့်၍ အများပြည်သူ ပါဝင်နိုင်သည့် အစိုးရအုပ်ချုပ်ရေး အဆောက်အအုံများ တည်ဆောက်မှု လုပ်ငန်းစဉ်
- လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်

လူနည်းစုလူမျိုးစုများ၏ အခွင့်အရေးကို အသိအမှတ်ပြုသည့် ကျယ်ပြန့်သော ဒီမိုကရေစီအုပ်ချုပ်ရေးအတွက် ဆယ်စုနှစ်များစွာ လှုပ်ရှားရုန်းကန်ခဲ့သည့် ဖြစ်ရပ်များကို အခြေပြု၍ ဤစာတမ်းအား ရေးသားထားပါသည်။ မြန်မာနိုင်ငံရှိ အကြမ်းဖက်ပဋိပက္ခ၏ ရှုပ်ထွေးနက်နဲမှု၊ ဇာတ်ကောင်မျိုးစုံပါဝင်ပတ်သက်မှု၊ လက်ရှိစစ်အစိုးရက အသာစီးရနေမှု၊ နိုင်ငံတကာအသိုင်းအဝိုင်း၏အကျိုးစီးပွားမရှိမှု စသည့် အခြေအနေများကြောင့် ဒီမိုကရေစီအခြေခံအုပ်ချုပ်ရေးသို့ လွယ်ကူချောမွေ့စွာ အသွင်ကူးပြောင်းရေးကို စိတ်ကူးရန် ခဲယဉ်းပေသည်။ လက်ရှိစစ်အစိုးရအနေဖြင့် ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်ခဲ့သော်လည်း ပြန်လည်ထူထောင်ရေးနှင့် ပေါ်လစီသစ်များ ရေးဆွဲဖော်ထုတ်ရေးလုပ်ငန်းစဉ်တွင် ၎င်းတို့အား ထည့်သွင်းမှု မရှိပါက မြန်မာနိုင်ငံရှိ ပဋိပက္ခကို အဆုံးသတ်နိုင်လိမ့်မည်မဟုတ်ပေ။ ဤပြဿနာကို ဖြေရှင်းရန် အဓိကနည်းလမ်းအဖြစ် အနာဂါတ်၌ ပြည်သူများ အပြည့်အဝပါဝင်နိုင်မည့် ဒီမိုကရေစီစနစ်ဆီသို့ ဦးတည်သော အသွင်ကူးပြောင်းရေးအစိုးရပုံစံတစ်ရပ်ကို ဤစာတမ်း၏ ရှေ့လာမည့် အခန်းများတွင် အဆိုပြုထားပါသည်။

## တရားဝင်မှု၊ အာဏာနှင့် လုံခြုံရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု

*"နိုင်ငံရေးကို စစ်ပုံသွင်းခြင်းဖြစ်စေ၊ စစ်တပ်ကို နိုင်ငံရေးပုံသွင်းခြင်းဖြစ်စေ ယင်းလုပ်ရပ်များသည် စစ်တပ်နှင့် နိုင်ငံရေးအဆောက်အအုံ နှစ်ခုစလုံးကို အရည်အသွေးနိမ့်ကျပြီး ဂုဏ်သိက္ခာကျဆင်းစေပါသည်။"*

(ကောသရာနှင့် လက်ပ်ခမ်း – ၂၀၀၃၊ စာ ၃၁၀)

ပဋိပက္ခတစ်ရပ်အား အစဉ်တည်တံ့မည့်ငြိမ်းချမ်းရေးသို့ အသွင်ပြောင်းရန် မဟာဗျူဟာချမှတ်ရေး ရည်ရွယ်ချက်အတွက် ယင်းပဋိပက္ခ၏နောက်ခံသမိုင်းကြောင်းနှင့် ဖြစ်စဉ်ကို နားလည်ရေးမှာ အရေးကြီးပေသည်။ ဤစာတမ်း၏ အတိုင်းအတာပမာဏ အကန့်အသတ်ကြောင့် အနိမ့်ဆုံးလိုအပ်ချက်ကိုပင် အသေးစိတ်ဖော်ပြရန် ခက်ပါသည်။

## ပဋိပက္ခ၏ အစိတ်အပိုင်းများ

မြန်မာနိုင်ငံ၏ ပဋိပက္ခတွင် အဓိကအစိတ်အပိုင်းသုံးခုရှိပါသည်။

- ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် လူမျိုးစုတော်လှန်ရေးလှုပ်ရှားမှု
- ဒီမိုကရေစီရေးလှုပ်ရှားမှု
- အာဏာကို ရေရှည်ချုပ်ကိုင်ထားရန် စစ်တပ်၏ ရုန်းကန်လှုပ်ရှားမှု

အဆိုပါ ပြဿနာသုံးရပ်သည် အပြန်အလှန်ဆက်နွယ်လျှက်ရှိပြီး၊ မည်သည့် ပြောင်းလဲရေးနည်းလမ်းမဆို ၎င်းတို့အား တချိန်တည်း ကိုင်တွယ်ဖြေရှင်းရပေမည်။ ယင်းတို့အား တပြိုင်နက်တည်း မဖြေရှင်းနိုင်ပါက မည်သည့်အောင်မြင်မှုမျိုးမဆို ရေရှည်တည်တံ့နိုင်မည် မဟုတ်ဘဲ၊ တိုင်းပြည်မှာ အကြမ်းဖက်မှုသံသရာသို့ တဖန် ဦးလှည့်သွားပေလိမ့်မည်။ သို့ဖြစ်၍ ယင်းအစိတ်အပိုင်းအသီးသီး၏ အပြန်အလှန် ယှက်နွယ်နေမှုများကြောင့် ပေါ်လစီဆိုင်ရာနှင့် အဆောက်အအုံဆိုင်ရာပြုပြင်ပြောင်း လဲရေး မည်သည့်နည်းလမ်းမဆို ဘက်ပေါင်းစုံလွှမ်းခြုံရပေလိမ့်မည်။ (၁၉၄၈–၁၉၆၂) ကိုလိုနီခေတ်လွန် ဒီမိုကရေစီအုပ်ချုပ်ရေးကာလ လူမှုနိုင်ငံရေးအခြေအနေ၏ ရှုပ်ထွေး နက်နဲမှုအား လစ်လျူရှုခဲ့ခြင်းက မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးအသွင်အပြင်များကို စစ်ပုံသွင်းမှု ဖြစ်စေခဲ့သည်ဟူသော 'စမစ်'၏ တင်ပြချက်မှာ မှန်ကန်ပေသည်။ နိုင်ငံ ရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများကို စီးပွားရေးအသွင်ကူးပြောင်းမှုနှင့်အတူ ဖေါ်ဆောင်ရမည် ဖြစ်သည်။

## တရားဝင်မှု

လွတ်လပ်ရေးရပြီးနောက် ပထမနှစ်နှစ်ဆယ်ကာလ ဒီမိုကရေစီအသွင်ကူး ပြောင်းရေးဖြစ်စဉ်အတွင်း လူမျိုးစုအားလုံးပါဝင်ခွင့် မရှိခြင်းသည် အမျိုးသားနိုင်ငံ တည်ဆောက်ရေးဖြစ်စဉ်တွင် ချန်လှပ်ထားခြင်းခံရသော အုပ်စုများ၏ မကျေနပ်မှုကို ဖြစ်ပေါ်စေခဲ့သည်။ ထိုအချိန်မှစ၍ နိုင်ငံတော်ဆန့်ကျင်ရေးအကြမ်းဖက်လှုပ်ရှားမှု၊ ပြည်တွင်းတင်းမာမှုများနှင့် လူမျိုးစုများ၏ လက်နက်ကိုင်ဆန့်ကျင်မှုများ ကြီးထွား

လာခြင်းတို့က တိုင်းရင်သားစည်းလုံးညီညွတ်ရေးဟူသော အမည်အောက်တွင် စစ်တပ်၏အခန်းကဏ္ဍမြင့်မားလာခြင်းနှင့် စစ်တပ်က အာဏာကိုင်စွဲလာခြင်းကို တရားဝင်မှု ဖြစ်စေခဲ့သည်။ ကိုလိုနီခေတ်အမွေဖြစ်သော ပိုင်နက်နယ်နိမိတ်အတွင်း "နိုင်ငံတော်မပြိုကွဲရေး" ဟူသည့် အတွေးအခေါ် (စစ်အစိုးရ၏ ၁၉၆၂ ခုနှစ် မှစ၍ ရရှိထားသော အခြေခံတရားဝင်မှု) ရှိခဲ့သော်လည်း စစ်တပ်က ကျူးလွန်ခဲ့သော ရက်စက်ကြမ်းကြုတ်မှုအတိုင်းအတာနှင့် အမျိုးသားလုံခြုံရေးနှင့် ပြည်သူလူထု၏ လုံခြုံရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်ပျက်ကွက်ခြင်းတို့ကြောင့် မြန်မာ အစိုးရများတွင် တရားဝင်မှုရှိသည်ဟူ၍ ဆိုရခက်ပေသည်။

## လုံခြုံရေး

မြန်မာနိုင်ငံ၏ ပဋိပက္ခလွန်ကာလ ကောင်းမွန်သောအုပ်ချုပ်ရေးအဆောက် အအုံများ ပြန်လည်တည်ဆောက်ရာတွင် အဓိကအခက်အခဲတရပ်မှာ စစ်ရေးနှင့် လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများအား ဒီမိုကရေစီနည်းကျထိန်းချုပ်ထားနိုင်ရေး အာမခံချက်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အားလုံးကို စစ်အစိုးရ က ချုပ်ကိုင်လွှမ်းမိုးထားမှုကြောင့် လုံခြုံရေးအဆောက်အအုံပြုပြင်ပြောင်းလဲမှုမရှိဘဲ မြန်မာနိုင်ငံတွင် အပြောင်းအလဲများ ဖြစ်ပေါ်လာမည် မဟုတ်ပေ။ စစ်တပ်က လွှမ်းမိုး ချုပ်ကိုင်ထားသော တရားစီရင်ရေးကဏ္ဍအား ပြုပြင်ပြောင်းလဲခြင်းကိုလည်း လုံခြုံရေး ကဏ္ဍပြုပြင်ပြောင်းလဲခြင်း အစိတ်အပိုင်းတစ်ရပ်အဖြစ် သဘောထားသင့်ပါသည်။ အရပ်ဘက်က ထိန်းချုပ်သော လွတ်လပ်သည့်တရားစီရင်ရေးစနစ်ဖြစ်ပေါ်လာရေးကို တဖြည်းဖြည်း ဆောင်ရွက်သွားရမည် ဖြစ်သည်။

လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲခြင်းကို အခြားအဆောက်အအုံဆိုင်ရာ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲခြင်းများနှင့် တပြိုင်နက်တည်းဆောင်ရွက်ရပါမည်။ တပ်ဖွဲ့ဝင်အင်အားလျှော့ချခြင်း၊ လက်နက်ဖြုတ်သိမ်းခြင်း၊ ကလေးစစ်သား အပါအဝင် လက်နက်ကိုင်များအား နေရပ်ရင်းသို့ပြန်လည်နေရာချထားခြင်းနှင့် အရပ်ဘက်

လူ့အသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်သွတ်သွင်းခြင်းတို့ကိုလည်း ဆောင်ရွက်ရပါမည်။ 'ဆေလ်ဗာစတိုင်း' (Silverstein, J. 1990) ၏ အဆိုအရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ကလေးစစ်သားအများဆုံးရှိသော နိုင်ငံဖြစ်ပါသည်။

လူမျိုးစုလက်နက်ကိုင်အင်အားစုများနှင့် ဒီမိုကရေစီအင်အားစုများက စစ်တပ်အား ဖိနှိပ်သူ၊ ပဋိပက္ခတွင် အဓိကတာဝန်ရှိသူအဖြစ် သတ်မှတ်ကြပါသည်။ ကိုလိုနီခေတ်လွန်ကာလ စစ်တပ်၏ အခိုင်အမာ သမိုင်းအစဉ်အလာရှိမှုအပြင် အိမ်နီးချင်းနိုင်ငံများ၌ စစ်အစိုးရများအုပ်စိုးနေမှုအခြေအနေ၏ တွန်းအားပေးမှုကြောင့် လတ်တလောတွင် မြန်မာနိုင်ငံ၌ စစ်တပ်အား အရပ်ဘက်က ထိန်းချုပ်ရေးမှာ မဖြစ်နိုင်ဟု ထင်မြင်မိပါသည်။

**အာဏာအဆောက်အအုံများ**

ပြည်တွင်းလုံခြုံရေးအခြေအနေမတည်ငြိမ်မှုနှင့် ယင်းသို့မတည်ငြိမ်မှုက အာဏာအဆောက်အအုံအတွင်း စစ်အစိုးရ၏ လွှမ်းမိုးချုပ်ကိုင်မှုအနေအထားအား ခြိမ်းခြောက်နေမှုကြောင့် လုံခြုံရေးကဏ္ဍ အလုံးစုံပြုပြင်ပြောင်းလဲရေးလုပ်ရန် ခက်ခဲပေလိမ့်မည်။ စစ်အစိုးရက အာဏာအင်အားအသာစီးရနေမှုကြောင့် မြန်မာနိုင်ငံတွင် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှုမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုထက် နှေးကွေးနိုင်ပြီး၊ ချီလီနိုင်ငံအတွေ့အကြုံကဲ့သို့ ဖြစ်ပေလိမ့်မည်။

မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှုနှင့် လက်နက်ကိုင်ပုန်ကန်မှုတို့အနေဖြင့် အသွင်ကူးပြောင်းရေးကာလအတွင်း စစ်အုပ်စုသည် စစ်တပ်နှင့်လုံခြုံရေးအဆောက်အအုံများအပေါ် အခိုင်အမာ ဩဇာလွှမ်းမိုးထားနိုင်မည့် အခြေအနေရှိမှသာ အလျှော့ပေး လိုက်လျောလာနိုင်မည် ဖြစ်ကြောင်း အသိအမှတ်ပြုရပါမည်။ သို့ဖြစ်၍ လက်ရှိစစ်အစိုးရအတွက် အဆောက်အအုံဆိုင်ရာအာမခံမှု သီးသန့်ထားရှိရန် လိုပေလိမ့်မည်။ ရာစုနှစ်ဝက်ကျော် လူ့အခွင့်အရေးချိုးဖောက်ခဲ့မှုများနှင့် ဆိုးဝါးရက်စက်

မှုများအတွက် အပြစ်ပေးအရေးမှုမပြုဘဲ၊ သင်ပုန်းချေရေးသည် အကောင်းဆုံးအဖြေ ဖြစ်သည်ဟု ဆိုလိုသည်။ မြန်မာနိုင်ငံတွင် အမှန်တရားဖော်ထုတ်ရေးကော်မရှင် ဆိုသည့် အယူအဆသည် စစ်အစိုးရနှင့်တွေ့ဆုံဆွေးနွေးမှုဖြစ်ပေါ်လာရေးကို ခြိမ်းခြောက်နေသော အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ ဒီမိုကရေစီပိုမိုထွန်းကားသော မြန်မာနိုင်ငံတော်သစ်တွင် အဆောက်အအုံဆိုင်ရာအပြောင်းအလဲများနှင့် အာဏာခွဲဝေမှု အနေအထားအပြောင်းအလဲများ ဖြစ်ပေါ်လာရေးအတွက် တန်ဖိုးတစ်ရပ်အဖြစ် အမှန်တရားဖေါ်ထုတ်ရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးကော်မရှင်ဆိုသည့် အယူအဆအား စွန့်လွှတ်ပေးဆပ်ရပေလိမ့်မည်။

လုံခြုံရေးဆိုင်ရာအဆောက်အအုံစနစ်အား တဖြည်းဖြည်းပြုပြင်ပြောင်းလဲရမည်။ မြန်မာနိုင်ငံ၏ လုံခြုံရေးဆိုင်ရာပြုပြင်ပြောင်းလဲရေးအစီအစဉ် ရေးဆွဲဖေါ်ထုတ်ရေးတွင် အရေးကြီးဆုံးလိုအပ်ချက်တစ်ခုမှာ လုံခြုံရေးအေဂျင်စီအသီးသီး၏ အခန်းကဏ္ဍနှင့် လုပ်ပိုင်ခွင့်များကို ကွဲပြားရှင်းလင်းမှုရှိရေးနှင့် လုံခြုံရေးဆိုင်ရာ ရာထူးတာဝန်များကို လူမျိုးစုအားလုံးက တန်းတူရရှိရေး ဖြစ်ပါသည်။ လုံခြုံရေးဆိုင်ရာ အဆောက်အအုံသစ်အစီအစဉ်တွင် စစ်ရပ်စဲခြင်း၊ လက်နက်များထိန်းချုပ်ခြင်းနှင့် နိုင်ငံတော်စစ်တပ်အတွင်း လက်နက်ကိုင်ပုန်ကန်နေသောတပ်များအား ပေါင်းစပ်ထည့်သွင်းခြင်းတို့ ပါဝင်ရန် လိုအပ်သည်။ ဤနည်းလမ်းသည် အမျိုးသားသွေးစည်းညီညွတ်ရေးနှင့်  နိုင်ငံသားစိတ်ဓါတ် (အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများအကြား)ကို မြင့်တက်လာစေပြီး သာမန်ပြည်သူလူထုအကြား ကာလရှည်ကြာစွာ ပျောက်ဆုံးလျက်ရှိသော စစ်တပ်အပေါ်ယုံကြည်မှုနှင့် အားကိုးမှုကိုလည်း ပြန်လည်ရရှိစေနိုင်မည်ဖြစ်ပါသည်။

## တရားမဝင်အရာဝတ္ထုများ

စီအိုင်အေ ၏ ၂၀၀၂ ခုနှစ်ထုတ် ကမ္ဘာ့အချက်အလက်စာအုပ်တွင် မြန်မာနိုင်ငံသည် ဘိန်းဖြူနှင့် စိတ်ကြွဆေးပြား အများဆုံးထုတ်လုပ်သော နိုင်ငံတစ်ခုဖြစ်ပြီး၊

ကမ္ဘာ့မူးယစ်ဆေးဝါးထုတ်လုပ်မှု၏ (၆၈)ရာခိုင်နှုန်းကို ထုတ်လုပ်သည်ဟု ဖော်ပြခဲ့သည်။ ငွေကြေးလျှော်ဖွတ်ခြင်းနှင့် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းမှ ရရှိသော အကျိုးအမြတ်သည် တိုင်းပြည်စီးပွားရေးတွင် အရေးပါသောအချက်များ ဖြစ်သည်ဟု ယုံကြည်ရန် အကြောင်းရှိပါသည်။ အမြတ်အစွန်းအမြောက်အများရရှိသော တရားမဝင် အရာဝတ္ထုများ ထုတ်လုပ်မှုနှင့် ကူးသန်းရောင်းဝယ်မှုတို့တွင် စစ်ဘုရင်များနှင့် စစ်တပ်အသိုင်းအဝိုင်း၏ ပါဝင်ပတ်သက်မှုသည် လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံသစ်များကို အဓိက ခြိမ်းခြောက်နေသောအရာတစ်ခု ဖြစ်သည်။ အထူးသဖြင့် များမကြာမီက စစ်တပ်အတွင်း အာဏာခွဲဝေဖြန့်ချထားပြီးနောက်ပိုင်း တိုင်းမှူးများသည် ကုန်သွယ်ရေးလုပ်ငန်းများတွင်ပါဝင်လာကြပြီး အာဏာနှင့် ဓနဥစ္စာများ အလွန်အမင်း ချမ်းသာကြွယ်ဝလာကြသည်။ ကြီးမားသောငွေကြေး မက်လုံးများနှင့် ၎င်းတို့၏စည်းကမ်းလျော့ကျမှုတို့က ပဋိပက္ခရှည်ကြာမည့် အခြေအနေကိုဖြစ်စေနိုင်ပြီး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများကို ထိခိုက်စေမည့် မူးယစ်ဆေးဝါးအုပ်စုတိုက်ပွဲများကို ဖြစ်ပွားစေနိုင်သည်။ လက်ရှိစစ်အစိုးရသည် ၁၉၉၃ ခုနှစ်မှ ၁၉၉၈ ခုနှစ်ကာလအတွင်း စစ်တပ်အင်အားကို တစ်သိန်းရှစ်သောင်းမှ သုံးသိန်းလေးသောင်းအထိ နှစ်ဆတိုးမြှင့်လိုက်ခြင်းကြောင့် စစ်တပ်အင်အား လျှော့ချပြီးသည့်တိုင် အချို့စစ်သားများအား မူးယစ်ဆေးဝါးရောင်းဝယ်ရေးလုပ်ငန်းတွင် ဆက်လက်ပါဝင်နေမှုမှ ဆွဲဆောင်သိမ်းသွင်း၍ ရမည်ဟု ယုံကြည်ရန် ခက်သည်။ အဆိုပါ အခြေအနေအား ဖြေရှင်းရမည်ဖြစ်ပြီး၊ နိုင်ငံတကာအထောက်အပံ့မှာ ဤပြဿနာဖြေရှင်းရေးအတွက် အထောက်အကူတစိတ်တပိုင်း ဖြစ်နိုင်ပါသည်။

## စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု

စစ်အစိုးရနှင့် လက်နက်ကိုင်အဖွဲ့အစည်းများက စီးပွားရေးနယ်ပယ်အားလုံးကို ချုပ်ကိုင်ထားသဖြင့် လုံခြုံရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုကို တဖြည်းဖြည်း အကောင်အထည်ဖော်ရေးမှာ ထိရောက်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျလျက်ရှိသည်။ အထူးသဖြင့် ကာကွယ်ရေးအသုံးစရိတ်မှာ ဂျီဒီပီ၏ (၄၀)

ရာခိုင်နှုန်းမှ (၆၀)ရာခိုင်နှုန်းအထိ ရှိနေသောကြောင့် ကျန်းမာရေး၊ ပညာရေးနှင့် စိုက်ပျိုးရေးကဏ္ဍကဲ့သို့သော ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကဏ္ဍ အသုံးစရိတ်များကို တိုက်ရိုက်ထိခိုက်စေခဲ့ပါသည်။ ထို့အပြင် စီးပွားရေးလုပ်ငန်းအများစုသည်လည်း ပြည်သူပိုင် (သို့မဟုတ်) ပုဂ္ဂလိကပိုင်များ မဟုတ်ဘဲ စစ်တပ်ပိုင် ဖြစ်နေပါသည်။ စစ်အုပ်စုပိုင်စီးပွားရေးကုမ္ပဏီများက ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ပြည်တွင်းကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်နှင့် ဓါတ်သတ္တုတူးဖော်ရေးလုပ်ငန်းများကို လွှမ်းမိုးချုပ်ကိုင်ထားကြသည်။ အစိုးရစီးပွားရေးလုပ်ငန်းများမှာ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ အကျင့်ပျက်ချစားခြင်းနှင့် စီမံအုပ်ချုပ်မှုမှားယွင်းခြင်းများကို ရင်ဆိုင်နေရသည်။ မှောင်ခိုဈေးကွက်ပမာဏနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းအပါအဝင် တရားမဝင်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှ ရရှိသောဝင်ငွေပမာဏသည် တရားဝင်ထုတ်ပြန်သည့် ဂျီဒီပီ စာရင်းအင်းများထက် နှစ်ဆဖြစ်နေပါသည်။ တရားဝင်ငွေကြေးလဲလှယ်နှုန်းအဆမတန်မြှင့်ထားခြင်းကလည်း စီးပွားရေးကို ယိုယွင်းချိနဲ့စေသည်။ ယင်းတို့အပြင် ဘဏ်စနစ်အားနည်းခြင်း၊ ငွေကြေးတန်ဖိုးမတည်ငြိမ်ခြင်း၊ ဗဟိုဘဏ်မရှိခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် အတိုးနည်းချေးငွေမရှိခြင်းနှင့် အကျင့်ပျက်ချစားမှုတို့ကြောင့် စီးပွားရေးတွင် အဓိကကျသော အပြောင်းအလဲများမရှိဘဲ နိုင်ငံရေးပြုပြင်ပြောင်းလဲရေး အောင်မြင်ရန် မဖြစ်နိုင်ပေ။

၁၉၈၇ ခုနှစ်တွင် ကုလသမဂ္ဂက မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ် သတ်မှတ်ခဲ့ပါသည်။ သဘာဝအရင်းအမြစ် ကြွယ်ဝချမ်းသာပြီး၊ တချိန်က ဒေသတွင်းနိုင်ငံများအကြား မြေဆီသြဇာအကောင်းဆုံးနှင့် သယံဇာတပစ္စည်းအကြွယ်ဝဆုံးနိုင်ငံအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသော မြန်မာနိုင်ငံသည် ယခုအခါ ကမ္ဘာ့အဆင်းရဲဆုံး (၁၀)နိုင်ငံစာရင်းတွင် ပါဝင်နေပါသည်။ စီပွားရေးချွတ်ခြုံကျနေသောလူ့အဖွဲ့အစည်းအတွက် မက်ခရိုစီးပွားရေးတစ်စုံလုံးအား ပြောင်းလဲရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန်တို့ အရေးတကြီး လိုအပ်နေပါသည်။ သို့ဖြစ်၍ ဗဟိုမှအရင်းအမြစ်များကို တိုင်းပြည်၏တိုးတက်ဖွံ့ဖြိုးမှုနိမ့်ကျသော ဒေသများသို့ ပြန်လည်ခွဲဝေပေးခြင်းအပါအဝင် စီးပွားရေးစီမံခန့်ခွဲမှုများ တိုးတက်ကောင်းမွန်စေ

ခြင်း၊ သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေခြင်း၊ မြန်မာနိုင်ငံအား ဒေသဆိုင်ရာနှင့် ကမ္ဘာ့လုံးဆိုင်ရာစီးပွားရေးနှင့် ပေါင်းစပ်ခြင်းနှင့် အထက်တွင်ဖော်ပြထားသကဲ့သို့ စစ်အသုံးစရိတ်လျှော့ချခြင်းတို့ကို လုပ်ဆောင်ရမည် ဖြစ်သည်။

နယ်စပ်ဒေသများသည် မြန်မာပြည်အလယ်ပိုင်းဒေသများထက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခြင်းနှင့်အတူ ပထဝီဝင်အနေအထားအရ ဖွံ့ဖြိုးမှုမညီခြင်းသည် အမျိုးသားစီးပွားရေးတောင့်တင်းခိုင်မာရေးအတွက် နောက်ထပ်စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ စီးပွားရေးဝန်ကြီးဌာနအောက်၌ ဒေသန္တရစီးပွားရေးဖွံ့ဖြိုးမှုအထူးဌာနတစ်ခုတည်ထောင်ပြီး၊ ၎င်းဌာနအနေဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးအတွက် အရင်းအမြစ်များအား အညီအမျှခွဲဝေဖြန့်ဖြူးရေးတွင် အရေးကြီးသောအခန်း၌ တာဝန်ယူ ဆောင်ရွက်သင့်သည်။

မြန်မာနိုင်ငံသည် အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေးအပေါ် မှီခို အားထားနေရဆဲဖြစ်ပြီး၊ ၎င်းကဏ္ဍများတွင် လုပ်သားထုအင်အား၏ (၆၅)ရာခိုင်နှုန်းခန့်ပါဝင်လုပ်ကိုင်လျက်ရှိသည်။ မြန်မာ့စီးပွားရေးပြုပြင်ပြောင်းလဲရေးတွင် မဖြစ်မနေဆောင်ရွက်ရမည့် အခြားလုပ်ငန်းတစ်ခုမှာ မြေယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းဖြစ်သည်။ လူဦးရေ၏အများစုမှာ စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေကြရသဖြင့် ယခုတိုင်အမွေဆက်ခံထားသည့် မြေရှင်ပဒေသရာဇ်မြေယာစနစ်များကို စည်းမျဉ်းစည်ကမ်းနှင့်အညီ ထိန်းချုပ်ရန်လိုအပ်ပါသည်။

## နိုင်ငံတကာအသိုင်းအဝိုင်း၏အခန်းကဏ္ဍ

မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်၍ နိုင်ငံတကာ၏ပါဝင်ပတ်သက်မှုအတိုင်းအတာမှာ အခြားပဋိပက္ခဖြစ်ပွားနေသောဒေသများနှင့် နှိုင်းယှဉ်ပါက နည်းပါးသည်ကို တွေ့ရ၏။ ဘော့စနီးယားနှင့် ဟာဇီဂိုဘီးနားကဲ့သို့ နိုင်ငံတကာ၏ ပါဝင်ပတ်သက်မှုအတိုင်းအတာကြီးမားသည့် အခြေအနေမျိုး လက်ရှိအနေအထားအရ

မြန်မာနိုင်ငံ၌ မရှိပေ။ ဘော့စနီးယားနှင့်ဟာဇီဂိုဘီးနားတွင် ပြင်ပမှဝင်ရောက်စေ့စပ်ပေးခြင်းဖြင့် ၁၉၉၅ ခုနှစ်တွင် 'ဒေတွန်ငြိမ်းချမ်းရေးသဘောတူစာချုပ်' (Dayton Peace Agreement) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး၊ ၎င်းသဘောတူညီချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များချထားရေး အခြေခံများကို ဖြစ်ပေါ်စေခဲ့သည်။ ပထဝီနိုင်ငံရေးနှင့် လွန်ခဲ့သောနှစ်ငါးဆယ်သမိုင်းအရ ကြည့်လျှင် ပဋိပက္ခဖြေရှင်းရေးနိုင်ငံတကာပါဝင်ပတ်သက်မှုမှာ လူမျိုးစုပြဿနာများရှိနေသော ဘော့စနီးယားနှင့်ဟာဇီဂိုဘီးနား၊ အိမ်မီးချင်းကမ္ဘောဒီယား စသည့် နိုင်ငံများ၏ ပဋိပက္ခများတွင် ပါဝင်သကဲ့သို့ မြန်မာနိုင်ငံ၌ ရှိမနေပေ။ လက်ရှိအခြေအနေတွင် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ပဋိပက္ခအဆုံးသတ်ရေးဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်ရန် စိတ်ပါဝင်စားမှု အပြည့်အဝ မရှိပေ။

လက်ရှိအနေအထားတွင် အာဆီယံ (အရှေ့တောင်အာရှနိုင်ငံများအသင်း – မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အသင်းဝင်ဖြစ်ခဲ့ပြီး၊ ၂၀၀၆ ခုနှစ် ဒုတိယနှစ်ဝက်တွင် အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရမည်) သည် မြန်မာနိုင်ငံ၏အခြေအနေအပေါ် သြဇာသက်ရောက်မှု အကြီးမားဆုံး ရှိနေပုံရပြီး၊ မြန်မာနိုင်ငံစစ်အစိုးရအပေါ် ဖိအားအပေးနိုင်ဆုံးနှင့် အလွှမ်းမိုးနိုင်ဆုံး ဒေသဆိုင်ရာအဖွဲ့အစည်း ဖြစ်သည်ဟု တင်ပြလိုပါသည်။

နိုင်ငံတကာအကူအညီများသည် ပဋိပက္ခအဆုံးသတ်ရေးဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်ခြင်းထက် နိုင်ငံရေးနှင့်စီးပွားရေးအသွင်ကူးပြောင်းမှုတွင် ပိုမိုသြဇာရှိသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သင့်သည်။ အလှူရှင်နိုင်ငံများအနေဖြင့် လူမှုလူ့အဖွဲ့အစည်းများ၊ မက်ခရိုစီးပွားရေးပေါ်လစီများနှင့် ဘဏ္ဍာရေးဆိုင်ရာ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားပေးမြှင့်တင်ခြင်းနှင့် ကူညီထောက်ပံ့ခြင်းတို့ကို ဦးစားပေးဆောင်ရွက်သင့်သည်။ ဒီမိုကရေစီရေးလှုပ်ရှားမှု၊ စစ်ပွဲများအဆုံးသတ်ရေးနှင့် စစ်ပြီးကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ

ပြင်ပအကူအညီမပါဘဲ အောင်မြင်နိုင်မည် မဟုတ်ပေ။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအကူအညီများကိုလက်ခံရန် အသင့်ရှိရမည်ဖြစ်သလို နိုင်ငံတကာအနေဖြင့်လည်း ကူညီရန် အသင့်ဖြစ်ရမည်။ သို့ဖြစ်၍ မြန်မာနိုင်ငံပဋိပက္ခလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် နိုင်ငံစုံအဖွဲ့အစည်းများ၊ အကျိုးတူဆောင်ရွက်သောအဖွဲ့အစည်းများနှင့် အန်ဂျီအိုများ ပို၍ပါဝင်ဆောင်ရွက်ရမည်။ ၎င်းတို့သည် ပြည်တွင်းပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအပေါ် လွှမ်းမိုးချုပ်ကိုင်မှု မလုပ်သင့်ပေ။ ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများ၏ အရည်အချင်းမြှင့်တင်ရေးအား ကူညီထောက်ပံ့ခြင်းနှင့် နည်းပညာဗဟုသုတများ၊ ကျွမ်းကျင်သူများနှင့် ငွေကြေးအကူအညီများ ပေးအပ်ခြင်းတို့ကို လုပ်ဆောင်သင့်သည်။

## ဖယ်ဒရယ်စနစ်ကိုယ်စားပြုဒီမိုကရေစီဘောင်အတွင်း အာဏာဖြန့်ခွဲခြင်း

*"... ဒီမိုကရေစီအသွင်ကူးပြောင်းခြင်းဆိုသည်မှာ လစ်ဘရယ်ဒီမိုကရေစီအဆောက်အအုံများကို တည်ဆောက်ခြင်းလုပ်ငန်းစဉ်မျှသာ မဟုတ်ဘဲ၊ စံနှုန်းများဖန်တီးခြင်းနှင့် ယဉ်ကျေးမှုပြောင်းလဲခြင်း လုပ်ငန်းစဉ်လည်း ဖြစ်သည်။"*

(လက်ခမ်း၊ ဂို့တ်ဇ်၊ ကယ်လ်ဒေါ – ၂၀၀၃၊ စာ ၅၁)

မြန်မာနိုင်ငံပြည်သူလူထုအကြား နိုင်ငံသားစိတ်ဓါတ် အလွန်အမင်း အားနည်းနေမှုကို စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနယ်ပယ်များတွင် နိုင်ငံသားများ၏ တိုက်ရိုက်ပါဝင်မှုဖြင့် မြှင့်တင်ပေးရမည်။ ဆိုလိုသည်မှာ တာဝန်ခံမှုရှိသော ပါတီစုံကိုယ်စားပြုစနစ်အခြေခံသည့် လွတ်လပ်သောရွေးကောက်ပွဲများ ကျင်းပခြင်းမျှသာမက၊ လူမှုလူ့အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခြင်းများမှတဆင့် နိုးကြားတက်ကြွသောနိုင်ငံသားများ ဖြစ်လာစေရန် အားပေးမြှင့်တင်ပေးခြင်းတို့ ဖြစ်သည်။ ဗဟိုမှချုပ်ကိုင်သောအစိုးရများက ဘေးဖယ်ထုတ်ခြင်းခံရသည့် အုပ်စုများ၏ တောင်းဆိုချက်များကို လိုက်လျောရန် ပျက်ကွက်ခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံသည့် ဖယ်ဒရယ်စနစ်အဆောက်အအုံများအပေါ်အခြေခံသော အာဏာ

ဖြန့်ခွဲမှုသည်သာ မဲဆန္ဒရှင်ပြည်သူများနှင့် ပြည်သူ့ကိုယ်စားလှယ်များအကြား နီးကပ်သည့် ဆက်ဆံရေးများမှတဆင့် အမျိုးသားသွေးစည်းခိုင်မာမှုနှင့် အမျိုးသားရေးအမှတ်လက္ခဏာ အသိစိတ်ဓါတ်တို့ကို မြှင့်တင်ပေးနိုင်ပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေ

ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဥပဒေအရ စည်းနှောင်မှုရှိသည့် အဓိက မှတ်တမ်းတစ်ရပ်ဖြစ်ပြီး၊ ပဋိပက္ခဘက်အသီးသီးအကြား အသွင်ကူးပြောင်းရေး ဆိုင်ရာသဘောတူညီချက်ကို ထိန်းမတ်ပေးရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဥ်သည် လူထုပါဝင်မှု ပိုမိုကျယ်ပြန့်ရမည်ဖြစ်ပြီး၊ လူမျိုးစုအုပ်စုအချို့ ပါဝင်မှု မရှိခဲ့သည့် အတိတ်ကအမှားမျိုးအား ရှောင်ကျဥ်ရမည်ဖြစ်သည်။ လူမျိုးပေါင်းစုံ ရှိသောနိုင်ငံတွင် နိုင်ငံရေးအခင်းအကျင်းပြန်လည်နေရာချထားမှုကို ကြိတ်ဝိုင်း ဆွေးနွေးမှုများဖြင့် လုပ်ဆောင်ပါက လူမျိုးစုအုပ်စုများအကြား သံသယများ အပြန် အလှန်ဖြစ်စေနိုင်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် တန်းတူရေး၊ ဖယ်ဒရယ်စနစ်နှင့် ပါတီစုံစနစ် အခြေခံမှုများကို အသိအမှတ်ပြုရပါမည်။

ယခုအချိန်တွင် စစ်အစိုးရကရော၊ အတိုက်အခံများကပါ မြန်မာနိုင်ငံ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် မူကြမ်းရေးဆွဲရေးကို ကြိုးပမ်းအားထုတ်လျှက်ရှိ သည်။ မည်သည့်မူကြမ်းကမှ အသွင်ကူးပြောင်းရေးအုပ်ချုပ်မှုပုံစံအတွက် လက်ခံ နိုင်ဖွယ်ရာမရှိပေ။ ပြုပြင်ပြောင်းလဲရေးအတွက် ပြည်တွင်းပြည်ပဖိအားများကြောင့် စစ်အစိုးရက အမျိုးသားညီလာခံသည် သုံးပွင့်ဆိုင်ဆွေးနွေးရေးလုပ်ရန် ဖြစ်သည်ဟု အဆိုပြုခဲ့သည်။ စစ်အစိုးရ၊ အပစ်အခက်ရပ်စဲရေးအုပ်စုများနှင့် အတိုက်အခံ ဒီမို ကရေစီအင်အားစုများ ရုပ်ပြသက်သက်မျှသာ ပါဝင်သည့် အမျိုးသားညီလာခံမှာ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်မှုမရှိသည့် ညီလာခံသာဖြစ်သည်။ ယင်းညီလာခံမှာ ရှေ့နောက်မညီမညွတ်ဖြစ်မှု သမိုင်းရေးအသွင်သဏ္ဍာန်များကို ဆက်လက်တည်မြဲ စေရေးဖြစ်သည့်အတွက် ရှေ့သို့ ဦးတည်နိုင်မည် မဟုတ်ပေ။ အခြားတဖက်တွင်

ဒီမိုကရေစီရေးလှုပ်ရှားမှုက ပြင်ဆင်ရေးဆွဲသော ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိက အခြေခံမှုများကလည်း စစ်အစိုးရအား အာဏာအဆောက်အအုံများတွင် ထည့်သွင်းထားခြင်းမရှိသဖြင့် လက်ရှိအနေအထား၌ လက်တွေ့မကျပေ။

ရေရှည်ခိုင်မြဲမည့် ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် ဖယ်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေအဆိုပြုချက်တွင် စိုးရိမ်ဖွယ်ရာ အန္တရာယ်ဖြစ်နိုင်သော အချက်နှစ်ခု ရှိပါသည်။ လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) နှစ်ရပ်ပါဝင်သည့် ဥပဒေပြုလွှတ်တော်ဖွဲ့စည်းရေး အယူအဆသည် နိုင်ငံရေးကိုယ်စားပြုမှုတွင် လူမျိုးစုအုပ်စုများပါဝင်မှုအတွက် အရေးပါသည်ဟု တင်ပြလိုပါသည်။ သို့ရာတွင် မကြာသေးမီက ပြုလုပ်ခဲ့သောဆွေးနွေးပွဲမှတ်တမ်းအရ **(Resolution of the Basic Principles, 2005)** လူမျိုးစုလူနည်းစုများက လွှမ်းမိုးချုပ်ကိုင်ထားသော လွှတ်တော်တစ်ရပ်သည် အနာဂါတ်အစိုးရ၏ ဆုံးဖြတ်ချက်ချမှတ်နိုင်သည့်စွမ်းရည်ကို ကျဆင်းစေသည်။ လူမျိုးစုလူနည်းစုများ လွှမ်းမိုးနေမှုထက် လွှတ်တော်တစ်ရပ်၏ ရွေးကောက်ပွဲများသည် ဦးစားပေးကိုယ်စားပြုမှုစနစ်အပေါ် အခြေခံသင့်ပါသည်။ ဤပုံစံတွင် အဓိကအကျိုးအမြတ်နှစ်ခုရှိပါသည်။ ပထမတစ်ခုမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဆုံးဖြတ်ချက်များချမှတ်ရာတွင် လူမျိုးစုအုပ်စုအားလုံးပါဝင်မှုကို အခြေခံထားခြင်းဖြစ်သည်။ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ယင်းသို့သော ပါဝင်ခွင့်ကို လူမျိုးစုအုပ်စု အများစုအား မပေးအပ်ခဲ့ပေ။ ဒုတိယအကျိုးအမြတ်မှာ အစိုးရ၏ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်းကို တိုက်ရိုက်အကျိုးသက်ရောက်မှုရှိခြင်း ဖြစ်သည်။ အကျိုးစီးပွားချင်းပဋိပက္ခဖြစ်နေသော ပါလီမန်လွှတ်တော်နှစ်ရပ်ထားရှိခြင်းသည် ပါလီမန်၏အလုပ်များကို ချိန်နဲ့သွားစေနိုင်သည်။ တချိန်တည်းတွင် ဦးစားပေးစနစ်သည် ကိုယ်စားပြုဆုံးဖြတ်ချက်ချမှတ်နိုင်သော စွမ်းရည်ကို မြင့်တက်လာစေလိမ့်မည်။ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတွင် ဒုတိယအမှားတစ်ခုမှာ စစ်တပ်အား အရပ်ဘက်မှထိန်းချုပ်ရေးကို တောင်းဆိုခြင်းဖြစ်ပါသည်။ ဤစာတမ်းတွင် အစောပိုင်းရှင်းပြချက်များအရ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ထွန်းတိုးတက်မှုအဆင့်

တွင် လုံခြုံရေးဆိုင်ရာအဆောက်အအုံများအား အရပ်ဘက်မှ ချုပ်ကိုင်နိုင်ဦးမည် မဟုတ်ပေ။

## လူမှုလူ့အဖွဲ့အစည်း

မြန်မာနိုင်ငံတွင် အများအားဖြင့် နိုင်ငံရေးပါတီများအပါဝင် လူမှုလူ့အဖွဲ့အစည်းများ၊ နိုင်ငံသားအသင်းအဖွဲ့များသည် တရားမဝင်သော အဖွဲ့အစည်းများ အဖြစ်သာရှိပြီး တရားဝင်တည်ရှိနေခြင်း မရှိပေ။ မြန်မာနိုင်ငံ၌ နိုင်ငံသားများ၏ အခြေခံလွတ်လပ်ခွင့်များမှာ ငြင်းပယ်ခံနေရသောကြောင့် အဆောက်အအုံပုံစံသစ်ဖွဲ့စည်းမှုတွင် လူမှုလူ့အဖွဲ့အစည်းကို အားပေးမြှင့်တင်ပေးရမည်။ ၁၉၉၀ လွန်ကာလများတွင် အပစ်အခတ်ရပ်စဲရေးအဖွဲ့များနှင့် အတိုက်အခံဒီမိုကရေစီအင်အားစုများ အကြား ပြုပြင်ပြောင်းလဲရေးအတွက် ပူးပေါင်းတိုက်ပွဲဝင်မှုများက ဗမာလူမျိုးစုနှင့် အခြားလူမျိုးစုလူနည်းစုများအကြား အပြန်အလှန်ဆက်စပ်မှုများနှင့် ပေါင်းစည်းမှုကို စတင်ဖြစ်ပေါ်စေခဲ့သည်။ အကျိုးဆက်အနေဖြင့် တပ်ပေါင်းစုတည်ဆောက်ခြင်းနှင့် အများဆန္ဒအတွက် ဆွေးနွေးညှိနှိုင်းခြင်းများ စတင်ဖြစ်ပေါ်လာခဲ့သည်။ ယင်းဖြစ်ပေါ်တိုးတက်မှုများသည် လူမှုလူ့အဖွဲ့အစည်းများ ပြန်လည်တည်ဆောက်ခြင်းအတွက် ခိုင်မာသောအခြေခံတစ်ရပ်ဖြစ်ပါသည်။ အဆောက်အအုံပုံစံသစ်ဖွဲ့စည်းမှုတွင် လူမှုလူ့အဖွဲ့အစည်းများ၏ စွမ်းပကားနှင့်အခန်းကဏ္ဍသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအပြောင်းအလဲများ အောင်မြင်ရေးနှင့် ရေရှည်ခိုင်မာစေရေးအတွက် အရေးပါလှပေသည်။ မြန်မာနိုင်ငံတွင် လူမှုလူ့အဖွဲ့အစည်းကို အားအင်ဖြစ်စေမည့်အရာမှာ ယူဂိုဆလားဗီးယားနိုင်ငံဟောင်းမှာကဲ့သို့ လူမျိုးရေးမုန်းတီးမှုများမရှိသော အခြေအနေပင် ဖြစ်သည်ဟူသည့် ချောက်စန်းညောင်ရွှေ (Legal Issues on Burma Jurnal, 2001) ၏ အယူအဆကို လက်ခံရပေမည်။

## အဆောက်အအုံပုံစံသစ်၏ တန်ဖိုးနှင့်အကျိုးအမြတ်များ

*"ကိုယ်စားပြုအုပ်ချုပ်ရေးလစ်ဘရယ်စနစ်သည် ပုံမှန်အားဖြင့် အမျိုးသားနိုင်ငံတော်နှင့် ပိုင်နက်နယ်မြေတခုအတွင်း နိုင်ငံသားဖြစ်မှု အယူအဆများနှင့် ဆက်နွယ်လျှက်ရှိပေသည်။"*
(လက်ခမ်း၊ ဂို့တ်ဇ်၊ ကယ်လ်ဒေါ်– ၂၀၀၃၊ စာ ၁၄)

မြန်မာနိုင်ငံသည် ဖေါ်ပြပါစံနှုန်းသတ်မှတ်ချက်များနှင့် မပြည့်မီသည့်အတွက် ဤစာတမ်း၌တင်ပြထားသော မဟာဗျူဟာပေါ်လစီများသည် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလအတွက်သာဖြစ်သည်ဟု မှတ်ယူစေလိုပါသည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံရေးအရ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတို့ ဖြစ်လာနိုင်ပါသည်။ သို့သော် ပဋိပက္ခ၏ အရင်းအမြစ်များအား ဖြေရှင်းနိုင်မည့် အဆောက်အအုံဆိုင်ရာနှင့်အုပ်ချုပ်ရေးဆိုင်ရာ အပြောင်းအလဲတစ်စုံလုံးကို သတိထားရွေးချယ်ရန် လိုအပ်သည်။ သို့မှသာ အမျိုးသားနိုင်ငံတော်၊ နိုင်ငံသားဖြစ်မှုနှင့် ပြည့်ဝသောဒီမိုကရေစီအခြေခံများ တည်ဆောက်ရေးကို ဦးတည်သွားပါလိမ့်မည်။ မြန်မာနိုင်ငံသမိုင်းမှ ရနိုင်မည့် သင်ခန်းစာတစ်ခုမှာ အုပ်စုတစ်စုကသာ ဆုံးဖြတ်သော မည်သည့်ဖြေရှင်းနည်းမဆို အောင်မြင်လိမ့်မည် မဟုတ်ဟူ၍ပင် ဖြစ်သည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွင်ပါဝင်သော အုပ်စုအားလုံး၏ နိုင်ငံရေးဆန္ဒရှိမှုနှင့် ပါဝင်ပတ်သက်မှုသည်သာ ရေရှည်တည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးတည်ဆောက်မှုနည်းလမ်း ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း မိတ်ဆက်ပေးခဲ့သော "ကွဲပြားမှုအမျိုးမျိုးကြားမှညီညွတ်ရေး"သည် မတူကွဲပြားသော လူမျိုးစုအုပ်စုများအား အခွင့်အရေးတန်းတူပေးအပ်မှုမရှိသောကြောင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း အစောပိုင်းနှစ်များအတွင်း မအောင်မမြင် ဖြစ်ခဲ့ရသည်။ အနာဂါတ်ဖွဲ့စည်းပုံအတွက် ပဋိပက္ခလွန်ကာလအဆောက်အအုံဖွဲ့စည်းမှုနှင့် ဆုံးဖြတ်ချက်ချမှတ်ရေး လုပ်ငန်းစဉ်များအတွင်း လူမျိုးစုလူနည်းစုအုပ်စုများအားလုံး ပါဝင်သည့် အသွင်ကူးပြောင်းရေး

ကာလ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အကောင်အထည်ဖော် လုပ်ဆောင်နိုင်မည့် အခွင့်အလမ်းရှိနေပါသည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို အားဖြစ်စေမည့် စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှု တစ်စုံလုံး၏ ပံ့ပိုးမှုဖြင့်သာ အောင်မြင်နိုင်ပါသည်။

ပဋိပက္ခလွန်ကာလဖွံ့ဖြိုးတိုးတက်မှုအတွက် အထက်တွင်တင်ပြထားသော မဟာဗျူဟာအား လက်ခံကျင့်သုံးခြင်း၏ အဓိကအကျိုးကျေးဇူးမှာ ပဋိပက္ခဖြစ်နေသော ဘက်အားလုံးအတွက် ရေရှည်အကျိုးအမြတ်ရရှိမှု ဖြစ်ပါသည်။ သို့သော်လည်း ကနဦးကာလများတွင် အချို့အုပ်စုများအနေဖြင့် အခြားအုပ်စုများထက် သြဇာလွှမ်းမိုးမှုနှင့် အာဏာ သိသိသာသာ ဆုံးရှုံးမှုရှိပါလိမ့်မည်။ သို့ရာတွင် မည်သည့် အသွင်ကူးပြောင်းရေးနည်းလမ်းတွင်မဆို အဆိုပါ တန်ဖိုးများအား မလွှဲမသွေ ပေးဆပ်ရမည်ဖြစ်သည်။ အဆိုပြုထားသည့် မဟာဗျူဟာတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေး သဘောတူညီမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးရေးနှင့် စေ့စပ်ညှိနှိုင်းရေးအတွက် နေရာများစွာပါရှိသဖြင့် မြန်မာနိုင်ငံရှိ ပြည်သူအသီးသီး၏ နိုင်ငံရေးလိုလားချက်များ နှင့် လူမျိုးစုနောက်ခံများ မည်သို့ပင်ရှိစေကာမူ ပြည်သူအားလုံးအတွက် တန်ဘိုးဖြစ်စေမည်ဟု ယုံကြည်ပါသည်။ ထို့အပြင် ဤချဉ်းကပ်မှုမှာ သက်ဆိုင်သူအချို့အနေဖြင့် အစွန်းရောက်လွန်းသည်ဟု မြင်ကောင်းမြင်နိုင်သော်လည်း၊ တော်လှန်ပြောင်းလဲရေး နည်းလမ်းမဟုတ်သဖြင့်၊ တိုင်းပြည်ရှိ ပဋိပက္ခဖြစ်နေသော အုပ်စုများက လက်ခံနိုင်မည့် အခွင့်အလမ်းများ ရှိနေပါသည်။

မစ်ခေးလ်စမူဂါဇဝီစကီး (Michal Smugarzewski) သည် ပိုလန်နိုင်ငံ စီးပွားရေး၊ အလုပ်သမားရေးရာနှင့် လူမှုရေးမူဝါဒများဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေး ဝန်ကြီးဌာနလက်အောက်ရှိ အဆောက်အအုံဆိုင်ရာမူဝါဒရေးရာဌာန၏ အကြီးတန်းကျွမ်းကျင်သူအရာရှိတစ်ဦးဖြစ်သည်။ ၎င်းသည် ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား၊ ကိုဆိုဗိုတို့တွင် မဲရုံများနိုင်ငံတကာကြီးကြပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဘူးသည်။ ၂၀၀၀ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ အရှေ့တီမောရှိ ကုလသမဂ္ဂအဖွဲ့အစည်းဖြစ်သော (UNTAET)တွင် ရွေးကောက်ပွဲအရာရှိနှင့် ကွင်းဆင်းအရာရှိတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

**BIBLIOGRAPHY**


1. Callahan, F. 2001, “Burma: Soldiers as state Builders”

2. Cawthra, G, Luckham, R, (eds.) (2003), “Governing Insecurity”, pg. 305- 327

3. Hyndman, J. (2001), “Business and Buldgeon at the Border”, GeoJournal, 55, pg. 39-46

4. Kaldor, M. (1999), “New and Old Wars: Organised Violence in a Global Era ”

5. Luckham, R, Goetz, A-M, Kaldor, M, “Democratic Institutions and Democratic Politics” in Sunsil, B, Luckham, R (eds.) (2003), ”Can Democracy be Designed?”, pg 14-59

6. Silverstein, J. (1990), “Civil War and Rebelion in Burma”, Journal of South East Asian Studies, vol XXI Nr. 1, pg. 114-134

7. Smith, A. (2003), “Ethnic Problems and Constitutional Solutions”

8. Yawnghwe, C. (2001), “Burma and National Reconciliation” in Legal Issues on Burma Journal, nr. 10, pg. 1-10

9. Southalan, L, 2000, “Legal Issues on Burma Journal” ,nr. 5, pg. 1-10

10. Resolution of Basic Principles Semminar (2005)

**‘ဒီမိုကရေစီလေ့လာရေးဂျာနယ်’** သည် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူများနှင့် ထောက်ခံအားပေးသူများ၏ အမြင်သဘောထားများကို ထင်ဟပ်သော မြန်မာနိုင်ငံလေ့လာရေးစာစောင်တစ်ခု ဖြစ်ပြီး **နော်ဝေး–မြန်မာကော်မတီ** (***Norwegian Burma Committee***) ၏ ရုံပုံငွေ ထောက်ပံ့ကူညီမှုဖြင့် **လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ သုတေသနနှင့်လေ့လာရေးဌာန** က ထုတ်ဝေဖြန့်ချိပါသည်။ ဤဂျာနယ်ကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော မူရင်း ***Journal of Democracy Exploration*** ကို ဘာသာပြန်ထုတ်ဝေခြင်း ဖြစ်ပါသည်။


ထုတ်ဝေသူ

သုတေသနနှင့်လေ့လာရေးဌာန၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

P.O Box (294), Chiang Mai University P.O, Chiang Mai, 50202, Thailand